# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၀၄၂)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ကျွန်တော်တို့လို နိုင်ငံခြားသား ၈၀ ရာခိုင်နှုန်းလောက်ဟာ ထိုင်းနိုင်ငံဘက်ကတစ်ဆင့် ဒီကိုရောက်လာကြတယ်။ ကျွန်တော်တို့ အာဖရိကဘက်က လာတဲ့သူတွေ ပိုများတယ်။

Benson Koech (ကင်ညာနိုင်ငံသား)



ထိန်းသိမ်းရေးစခန်းရှိ ပြည်ပနိုင်ငံသားများအား တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ် လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေများတွင် online လိမ်လည်မှုများ၊ online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ကာ သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယခုအခါ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားအနှောင့်အယှက်ဖြစ်စေသည့် တရားမဝင်လောင်းကစားမှု အပါအဝင် ဒုစရိုက်မှုမျိုးစုံ ပြုလုပ်နေကြသော ပြည်တွင်း၊ ပြည်ပ ဒုစရိုက်သမားများကို နိုင်ငံတော်အစိုးရနှင့်

*စာမျက်နှာ ၈ ကော်လံ ၁* ❖

## ကျွန်းလှမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီအတွက် ဆီထွက်သီးနှံ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ကျွန်းလှ နိုဝင်ဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၂၅–၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီအတွက် ဆီထွက်သီးနှံ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံစိုက်ပျိုးရန် ၃၄၈၆၄ ဧကလျာထားပြီး လက်ရှိအချိန်အထိ မြေပဲ ဧက ၂၅၁၀၊ နှမ်း ၇၈၅၆ ဧက၊ ပန်းနှမ်း ၃၅၁ ဧက စုစုပေါင်း ၁၀၇၁၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်ရရှိရေးဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းသရုပ်ပြပွဲများ ပြုလုပ်ပေးခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျ အချိန်ကိုက်သုံးစွဲရေးနှင့် ပိုးမွှားကျရောက်မှုကင်းစင်ရေး ကွင်းဆင်းအသိပညာပေးခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံအဖြစ် မြေပဲ ၁၃၈၉၆ ဧက၊

*စာမျက်နှာ ၇ ကော်လံ ၅* ○

## ယနေ့ ဖတ်စရာ


နိုင်ငံတော်ရွေသီးဖို့ ပြည်ပပို့ကုန်စပါးအထူးဇုန်များ ဖော်ထုတ်စို့ ဆောင်းပါး စာ ၆

နေ့စဉ် ကော်ဖီတစ်ခွက်သောက်သုံးခြင်းက နှလုံးခုန်နှုန်းမမှန်ခြင်းကို ကာကွယ်ပေးနိုင်ဟု လေ့လာမှုတစ်ရပ်ကဆို နိုင်ငံတကာသတင်း စာ ၁၄

တတိယအကြိမ် မြန်မာ-ရုရှားနှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်း ဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်သုံးစင်း ရန်ကုန်မြို့သို့ရောက်ရှိ ပြည်တွင်းသတင်း စာ ၁၅

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၀**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဗဟိုလုပ်ငန်းအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သီလဝါအထူးစီးပွားရေးဇုန်တွင် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ပြည်ပပို့ကုန် မြင့်တက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှုကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSMEs ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက်



ပြည်တွင်းရှိ MSMEs လုပ်ငန်းများနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်တွင် လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများအား မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာရေး ဆက်လက်ကြိုးစားဆောင်ရွက်လိုကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ယခင်ကျင်းပခဲ့သည့် ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက အမှာစာများကို ဖတ်ကြားတင်ပြကြကာ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြန်လည်ရှင်းလင်းဆွေးနွေးကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၂) သင်တန်းဖွင့်

## နိုင်ငံသားတိုင်းတွင် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်နှင့် ဗဟုသုတများ ပြည့်ဝရန်လိုအပ်

**နေပြည်တော် နိုဝင်ဘာ ၁၀**

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၈၂) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းဦးက နိုင်ငံတော်ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရည်မြင့်မားရေးသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်းတွင် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်နှင့် ဗဟုသုတများ ပြည့်ဝရန်လိုအပ်ပါကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်ထုဆစ်မည့် ကျောင်းသား၊ လူငယ်များအား ပညာကို ဆုံးခန်းတိုင် သင်ယူနိုင်စေရန်၊ စာတော်ရုံသာမက လိမ္မာယဉ်ကျေးပြီး ဘက်စုံထူးချွန်သည့် လူရည်ချွန်၊ လူရည်မွန်များဖြစ်ကာ အတတ်ပညာရှင်၊ အသိပညာရှင်များဖြစ်လာစေရန် ဦးတည်သင်ကြားပေးရမည်ဖြစ်ကြောင်း။

သို့အတွက် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် အဓိကကျပါကြောင်း၊ ကျောင်းသားလူငယ်များအား နိုင်ငံချစ်စိတ်ရှိပြီး ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ၊ ဗဟုသုတ၊ ကိုယ်ကာယကြံ့ခိုင်မှု၊ အကျင့်စာရိတ္တနှင့် ကျင့်ဝတ် စသည့် ရုပ်ပိုင်း၊ စိတ်ပိုင်းအရည်အသွေးများအပြင် စဉ်းစားတွေးခေါ်မှု မြင့်မားသောသူများဖြစ်လာအောင် လေ့ကျင့်ပြုစု ပျိုးထောင်ပေးရန် အထူးလိုအပ်ပါကြောင်း၊ “မိဘဆရာ ပူးပေါင်း ကလေးပညာကောင်း” ဆိုသည့် ဆောင်ပုဒ်အတိုင်း ပညာရည်တိုးတက်မြင့်မားစေရေးအတွက် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ အတူလက်တွဲကာ အနာဂတ်၏ရင်သွေးလေးများကိုနိုင်ငံတကာ အဆင့်မီ အရည်အသွေးအာမခံနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်စေရေး သင်ကြားလေ့ကျင့်ပေးကြရန် တိုက်တွန်းမှာကြားသည်။

သင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၈၈ ဦး၊ သင်တန်းသူ ၃၄၂ ဦး စုစုပေါင်း ၄၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်သည်။

ယင်းနောက် ရာထူးဝန်ဥက္ကဋ္ဌသည် တက္ကသိုလ်မှတာဝန်ရှိသူများနှင့်အတူ တက္ကသိုလ်ရှိ အုပ်ချုပ်မှုဆိုင်ရာရုံးဌာနများနှင့် သင်တန်းများ လေ့ကျင့်သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မန္တလာဆောင်တွင် အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၄)မှ သင်တန်းသူ၊ သင်တန်းသားများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၁)နှင့် A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ် (၂၂) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၀

**ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၂၁) နှင့် A.G.T.I ဒီပလိုမာ သင်တန်းအမှတ်စဉ် (၂၂) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်စေရေးတို့ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များအား ၎င်းတို့၏ နယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့ကို တည်ထောင်ဖွင့်လှစ် ပြုစုပျိုးထောင် လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)ကို စတင်ဖွင့်လှစ်သည့် အချိန်မှ ယနေ့အချိန်ထိ ဝိဇ္ဇာဘွဲ့ ၇၂၉ ဦး၊ သိပ္ပံဘွဲ့ ၁၅၅၉ ဦး၊ အင်ဂျင်နီယာဒီပလိုမာ ၁၂၄၈ ဦး စုစုပေါင်း ၃၅၃၆ ဦးအား ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့သဖြင့် အားရကျေနပ်ဖွယ် ဖြစ်ပါကြောင်းနှင့် ကျောင်းဆင်း ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံ့တာဝန်များကိုထမ်းဆောင်ရင်း ပိုမိုအဆင့်မြင့်သည့် ပညာရပ်များကို လေ့လာဆည်းပူး ကြိုးစားအားထုတ်သွားကြရန် အထူးမှာကြားလိုကြောင်း။

သင်တန်းဆင်း မောင်တို့ မယ်တို့အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ မြင့်မားသောစိတ်ဓာတ်၊ မှန်ကန်သော အတွေးအခေါ်၊ ခံယူချက်၊ မြဲမြံသောအကျင့်စာရိတ္တကောင်းများကို လက်ကိုင်ပြုပြီး ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်မှ အခမဲ့ပညာရပ်များ သင်ကြားပေးခြင်းနှင့် အလုပ်အကိုင်များ ရရှိအောင် ဆောင်ရွက်ပေးခဲ့သည့် ကျေးဇူးတရားကို သိရှိနားလည်ပြီး မိမိတို့လေ့လာဆည်းပူးခဲ့သည့် အဆင့်မြင့်ပညာရပ်များဖြင့် ကျရာလုပ်ငန်းနယ်ပယ်အသီးသီး၌ လက်တွေ့အသုံးပြုပြီး နယ်စပ်ဒေသတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားကြရန်၊ စစ်မှန်သော မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ဒို့တာဝန်အရေး ၃ ပါးတို့ကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်က အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ကြိုးစားလုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ် ထူးချွန်ဆုရရှိသူ နှစ်ဦးအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အင်ဂျင်နီယာထူးချွန်ဆုရရှိသူ တစ်ဦးအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက အလုပ်တာဝန်ခန့်အပ်လွှာများပေးအပ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများကိုတွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ထူးချွန်ကျောင်းသား ကျောင်းသူ သုံးဦးအား ဂုဏ်ပြု ချီးမြှင့်ငွေများပေးအပ်ကာ ဧည့်သည်တော်များ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒီဂရီကောလိပ်အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံ၍ ကျောင်းအုပ်ကြီးက ဒီဂရီကောလိပ်၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ လေ့ကျင့်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ပြရာ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး ဒီဂရီကောလိပ်ရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒီဂရီကောလိပ်အတွင်းရှိ ဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားနေမှု၊ မိုးလုံလေလုံ အားကစားရုံတည်ဆောက်ရေးလုပ်ငန်းနှင့် ကျောင်းသား ကျောင်းသူများ၏ အခြေခံစစ်ပညာ သင်တန်း လေ့ကျင့်သင်ကြားနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ရောက်ရှိရာ ကျောင်းအုပ်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှု အခြေအနေများ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအား ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒဂုံမြို့သစ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ရောက်ရှိပြီး ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ယာဉ်၊ ယန္တရားများ အသုံးပြုနိုင်မှုနှင့် ကွံခိုင်မှု၊ ထောက်ပံ့ပစ္စည်းများ သိုလှောင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေးကာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အနာဂတ်နိုင်ငံတော်ကိုအကျိုးပြုမည့် လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကြရန်နှင့် ဘက်စုံထူးချွန်သည့် လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ မွန်းလွဲပိုင်းက ချောက်မြို့နယ်ခန်းမတွင် ခရိုင်နှင့် မြို့နယ်အတွင်း ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နယ်မြေအေးချမ်းသာယာရေး၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ လူငယ်များအား ပညာရည်မြင့်မားရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြိုးစားဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ယနေ့ နံနက်ပိုင်းတွင် ချောက်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ခရိုင်နှင့်မြို့နယ် ပညာရေးမှူးများ၊ မြို့ပေါ်ကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ လူငယ်များ ပညာရည်မြင့်မားရေး၊ အတတ်ပညာရှင် များသာမက အသိပညာဗဟုသုတ ပြည့်ဝပြီး စဉ်းစားတွေးခေါ်နိုင်စွမ်းရှိသည့် အသိပညာပြည့်စုံသူများ၊ ဗလငါးတန်ပြည့်ဝသော လူငယ်များ ဖြစ်စေရေး၊ စာပေလေ့လာဖတ်ရှုပြီး အနာဂတ်နိုင်ငံတော်ကိုအကျိုးပြုမည့် လူတော်လူကောင်းများ ဖြစ်အောင် ကြိုးစားကြရန်နှင့် မိဘများ၊ ဆရာ ဆရာမများကလည်း ဘက်စုံထူးချွန်သည့် လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန် ဆွေးနွေးမှာကြားသည်။



ထို့နောက် ကျောင်းစာကြည့်တိုက်အတွက်စာအုပ်စာစောင်များနှင့် အားကစားပစ္စည်းများ လှူဒါန်းပြီး မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ချောက်မြို့ စက်မှုလက်မှုသိပ္ပံကျောင်း၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ ကျောင်းသားများအား ဘာသာရပ် ကျွမ်းကျင်သူများဖြစ်အောင် သင်ကြားပေးရေး မှာကြားသည်။

ယင်းနောက် ဘာသာရပ်အလိုက် ကျောင်းသားကျောင်းသူများက လက်တွေ့ဆောင်ရွက်နေမှု၊ တီထွင်ဖန်တီး စမ်းသပ်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး အမှန်တကယ် တတ်မြောက်အောင် သင်ယူကြရန်၊ လေ့လာဆန်းသစ် တီထွင်မှုများဖြင့် နိုင်ငံကို အကျိုးပြုနိုင်မည့် အတတ်ပညာရှင်များဖြစ်အောင် ကြိုးစားကြရန်မှာကြားအားပေးပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းသည်။

ထို့နောက် အမှတ်(၁၀)ရပ်ကွက် အလင်းစေတမန် စာကြည့်တိုက်၌ စာကြည့်တိုက်ကော်မတီဝင်များ၊ စေတနာရှင်ဝန်ထမ်းများနှင့် တွေ့ဆုံ၍ စာကြည့်တိုက်ရှင်သန်တိုးတက်ရေး ဆွေးနွေးမှာကြားပြီး စာကြည့်တိုက်အတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်

၄၇ ရက်

သာ လိုတော့သည်။

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၅၆)နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

# အကြိမ် (၂၀) မြောက် အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၀**

အကြိမ် (၂၀) မြောက် အာဆီယံအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်သူများအသင်း ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘဏ်များအသင်း ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး အကြိမ်(၂၀)မြောက် အာဆီယံအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေးကော်မတီအလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူးချုပ် Mr. Wittawat နှင့် အာဆီယံနိုင်ငံများမှ တာဝန်ရှိသူများက Virtual ဖြင့် တက်ရောက်ကြသည်။

### အရေးအပါဆုံးအခန်းကဏ္ဍတွင်ပါဝင်

ဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် အာဆီယံနိုင်ငံများ၏ စီးပွားရေးအခြေခံအုတ်မြစ်ဖြစ်ပြီး စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်ဖန်တီးမှုတွင် အရေးအပါဆုံးအခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာ၊ ဆန်းသစ်တီထွင်မှုနှင့် ရေရှည်တည်တံ့သော အလေ့အကျင့်များမှတစ်ဆင့် MSME များကို စွမ်းဆောင်ရည်မြှင့်တင်ပေးရေးဆိုင်ရာ အာဆီယံ၏ ဘုံရည်မှန်းချက်ကို အပြည့်အဝထောက်ခံကြောင်း။

အာဆီယံ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် MSME များအတွက် ဒစ်ဂျစ်တယ်လက်ခံမှုနှင့် နည်းပညာအဆင့်မြှင့်တင်မှု၊ ဒေသတွင်းနှင့် ကမ္ဘာ့တန်ဖိုးကွင်းဆက်များတွင် ယှဉ်ပြိုင်နိုင်သော MSME များဖြစ်လာစေရန်၊ ဘဏ္ဍာရေးယန္တရားများအား လက်လှမ်းမီအသုံးပြုခွင့်ရရှိရေး၊ အားလုံးပါဝင်မှုနှင့် ရေရှည်တည်တံ့မှု၊ အာဆီယံမူဘောင်များအောက်တွင် အားလုံးပါဝင်မှုရှိသော ဈေးကွက်ပေါင်းစည်းမှု၊ MSME လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ပြန်လည်ထူထောင်နိုင်စွမ်းအတွက် စွမ်းရည်တည်ဆောက်ခြင်းနှင့် အသိပညာဖလှယ်ခြင်း၊ အာဆီယံလုပ်ငန်းများနှင့် မူဝါဒချမှတ်သူများအား အစိမ်းရောင်အသွင်ကူးပြောင်းရန် လိုအပ်သော ကျွမ်းကျင်မှုများ မြှင့်တင်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်အားကောင်းစေရန် စုပေါင်းအားဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တီထွင်ဆန်းသစ်မှုအားကောင်းသည့် MSME များ ပေါ်ထွန်းလာရေး၊ ရေရှည်တည်တံ့သည့် MSME ဝန်းကျင်တစ်ခု ဖြစ်ပေါ်လာရေး ဆောင်ရွက်လျက်ရှိသည့် အာဆီယံ၏ ဦးဆောင်ဦးရွက်ပြုမှုများကို အမြဲထောက်ခံအားပေးကြောင်း၊ ထို့ပြင် မိတ်ဖက်ဆက်ဆံရေးများ၊ အသိပညာမျှဝေခြင်းများနှင့် ဒေသတွင်းစည်းလုံးညီညွတ်မှုတို့မှတစ်ဆင့် MSME များသည် တန်းတူညီမျှပြီး ရေရှည်တည်တံ့သော တိုးတက်မှုအတွက် စွမ်းအားပြည့်နေသော အင်ဂျင်များအဖြစ် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

### မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဖော်ဆောင်

ထို့နောက် ထိုင်းနိုင်ငံ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူးချုပ်က ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းစေရေးအတွက် ကော်မတီဝင်အားလုံး MSMEများ ရင်းနှီးမြှုပ်နှံမှုရရှိရေး၊ အားလုံးပါဝင်လုပ်ကိုင်နိုင်သည့် စီးပွားရေးဝန်းကျင်ကောင်းဖန်တီးပေးနိုင်ရေး၊ အမျိုးသမီးစွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍတို့ကို မြှင့်တင်ပေးနိုင်ရေးအတွက် ၂၀၂၅ ခုနှစ်အတွင်း ဆန်းစစ်မှုပြုလုပ်ရန် ကတိကဝတ်ပြုထားခဲ့ကြပြီးဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ် ဆန်းစစ်မှုအဖြစ် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်တွင် MSME များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးကို ပူးပေါင်းပါဝင်မြှင့်တင်သွားနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် ၂၀၂၅ ဆန်းစစ်မှုကို ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၃၀ ကို ပြန်လည်သုံးသပ်ခြင်း အကောင်အထည်ဖော်နိုင်ရေးဆောင်ရွက်ချက်များကို အမြင်ချင်းဖလှယ်သွားကြရန်နှင့် အာဆီယံဆိုင်ရာအသင်းအဖွဲ့များ၊ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဖော်ဆောင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထားဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ၌ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ဗီဒီယိုကလစ်ကိုပြသပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### လေးရက်ကြာကျင်းပသွားမည်

ညနေပိုင်းတွင် အကြိမ် (၂၀) မြောက် အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဂုဏ်ပြုညစာစားပွဲကို Park Royal ဟိုတယ်၌ ကျင်းပခဲ့ကြောင်းနှင့် အဆိုပါ အကြိမ်(၂၀) မြောက် အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ (ACCMSME)အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လေးရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အကြိမ် (၂၀) မြောက် အာဆီယံအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် အမှာစကားပြောကြားစဉ်။

မြန်မာ့အလင်း
အင်္ဂါ၊ နိုဝင်ဘာ ၁၁၊ ၂၀၂၅

# နိုင်ငံတော်ရွှေသီးဖို့ ပြည်ပပို့ကုန်စပါးအထူးဇုန်များ ဖော်ထုတ်စို့

မိုးငယ်

မြန်မာနိုင်ငံသည် ဆန်စပါးကို အဓိကစိုက်ပျိုး ထုတ်လုပ်သောနိုင်ငံ ဖြစ်ပါသည်။ ဆန်သည် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူအားလုံးက အဓိကအစားအစာအဖြစ် နေ့စဉ်စားသုံးနေသော စွမ်းအားဖြည့်အာဟာရ ဖြစ်ပါသည်။ ဆန်စပါးသည် မြန်မာနိုင်ငံ၏ အဓိကကျသည့် စားသုံးကုန်သီးနှံဖြစ်သကဲ့သို့ နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်သော မဟာဗျူဟာမြောက်သည့် စိုက်ပျိုးရေးထွက်ကုန်တစ်ခုလည်း ဖြစ်ပါသည်။

### ပြည်ပသို့ နှစ်စဉ်တင်ပို့လျက်ရှိ

တစ်နိုင်ငံလုံးရှိ သီးနှံစိုက်ပျိုး ဧရိယာအားလုံး၏ ၃၄ ရာခိုင်နှုန်း၊ စိုက်ဧကအားဖြင့် ဧက ၁၇ သန်းဝန်းကျင်ကို နှစ်စဉ်စိုက်ပျိုးပြီး စိုက်ပျိုးထွက်ရှိမှု၏ ၈၀ ရာခိုင်နှုန်းကို ပြည်တွင်းစားသုံးမှုနှင့် စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်မှုတွင် အသုံးပြုပါသည်။ ကျန်ရှိသော ၂၀ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့ နှစ်စဉ်တင်ပို့လျက်ရှိပါသည်။

**ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့မှုကိုကြည့်ပါက ၂၀၂၀-၂၀၂၁ ခုနှစ်တွင် မက်ထရစ်တန် ၁ ဒသမ ၈၇ သန်း၊ ၂၀၂၁-၂၀၂၂ (အောက်တိုဘာ-မတ်) ခုနှစ်တွင် မက်ထရစ်တန် ၁ ဒသမ ၃၈ သန်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မက်ထရစ်တန် ၂ ဒသမ ၂၆ သန်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် မက်ထရစ်တန် ၁ ဒသမ ၆၈ သန်းနှင့် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မက်ထရစ်တန် ၂ ဒသမ ၄၈ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။**

### အဓိက တင်ပို့ရောင်းချလျက်ရှိ

လက်ရှိတင်ပို့နိုင်သော ပမာဏထက် တိုးမြှင့်တင်ပို့ခြင်းဖြင့် ပြည်ပဝင်ငွေရရှိရေး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးဆောင်ရွက်ကြရာတွင် ပြည်ပဈေးကွက်ဝင် အထွက်ကောင်းမျိုးများဖြစ်သော ဆင်းသုခ၊ ရက်-၉၀၊ အောင်နိုင်တိုး၊ နံ့ကောက်၊ ရတနာတိုး၊ သီးထပ်ရင်၊ မော်ဘီ-၂၊ မော်ဘီ-၃၊ ကရင်မ၊ ထွန်းပုနှင့် ငစိန်ရာကျော်၊ အမွှေးရနံ့ပါရှိသော ပေါ်ဆန်းနှင့် လုံးသွယ်မွှေးတို့ကို ရွေးချယ်စိုက်ပျိုးကြရမည်ဖြစ်ပါသည်။ မြန်မာ့ဆန်ကို တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ ပိုလန်၊ စပိန်၊ ဘူဂေးရီးယား၊ ချက်၊ မက်ဒါဂတ်စကာ၊ တိုဂိုနှင့် နယ်သာလန်နိုင်ငံတို့သို့ အဓိက တင်ပို့ရောင်းချလျက်ရှိပါသည်။

မြန်မာနိုင်ငံ၌ စပါးစိုက်ပျိုးထုတ်လုပ်မှုမှာ ပန်းတိုင်အထွက်နှုန်း လျာထားသတ်မှတ်ချက်တစ်ဧကတင်း ၁၀၀ ပြည့်မီကျော်လွန်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍ၏ အခြေခံ မျိုး၊ မြေ၊ ရေ၊ နည်း ဆိုသည့် နည်းလမ်းများဖြင့် ဒေသရေမြေ ရာသီဥတုနှင့် သင့်တော်သောဈေးကွက်ဝင် အထွက်ကောင်းမျိုးများ ရွေးချယ်စိုက်ပျိုးခြင်း၊ မြေဆီလွှာကျန်းမာသန်စွမ်းစေရန်အတွက် လိုအပ်သောအာဟာရများ စနစ်တကျထည့်သွင်းပေးခြင်း၊ သင့်တော်သော ရေရရှိရေးနည်းလမ်းများဖြင့် စိုက်ပျိုးရေရရှိရေးဆောင်ရွက်ခြင်းနှင့် ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုးပြုစုခြင်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

### ရေရှည်စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားပြီး ပြည်တွင်းစားသုံးမှုဖူလုံ၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်မှသာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှသာ ပြည်သူများ လူမှုစီးပွားဘဝ တိုးတက်မြင့်မားမည်ဖြစ်ပါသည်။ လယ်ယာကဏ္ဍ ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် နိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့် စပါးစိုက်ပျိုးထုတ်လုပ်မှုများကို ရေရှည်စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ပြည်ပဈေးကွက်ဝင် အထွက်ကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးခြင်းနှင့် အရည်အသွေးပြည့်မီသည့် ဆန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပြည်ပပို့ကုန် စပါးအထူးဇုန်များကို ဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ အဆိုပါဇုန်များ ဖော်ဆောင်ရာတွင် ကြုံတွေ့လာရမည့် စိန်ခေါ်မှုများကို အခွင့်အလမ်းတစ်ရပ်အနေဖြင့် အသုံးချ၍ အစိုးရ၊ ပုဂ္ဂလိက၊ အသင်းအဖွဲ့ ကဏ္ဍအသီးသီးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

အဆိုပါ **အထူးဇုန်ဆိုသည်မှာ ဆန်ထုတ်လုပ်မှုနှင့် တင်ပို့မှုအတွက် အထူးစီမံခန့်ခွဲသည့် ဧရိယာတစ်ခုဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်သည်မှ တင်ပို့ရောင်းချသည်အထိ အစိုးရ-ပုဂ္ဂလိက-တောင်သူ ပူးပေါင်း၍ စီမံဆောင်ရွက်သည့်ဒေသကို ဆိုလိုပါသည်။ ဇုန်များဆောင်ရွက်ရသည့် ရည်ရွယ်ချက်များမှာ အရည်အသွေးကောင်းမွန်သော ဆန်များထုတ်လုပ်မှုနှင့် တင်ပို့မှုပမာဏကို တိုးမြှင့်ရန်၊ ပြည်တွင်းမှ လယ်သမားများ၊ အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊**





**စိုက်ပျိုးထုတ်လုပ်သူ၊ ဝယ်ယူကြိတ်ခွဲရောင်းချသူနှင့် ပို့ကုန်လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်သော ရေရှည်တည်ငြိမ်သော ဈေးကွက်ဖြစ်ပေါ်လာစေရန်နှင့် နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရန် ဖြစ်ပါသည်။**

ပြည်ပပို့ကုန်စပါးအထူးဇုန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နေရာရွေးချယ်သတ်မှတ်ရာတွင် ရေ၊ မြေ၊ ရာသီဥတုနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောဒေသများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ရန်၊ မြေပြုပြင်သည်မှ ရိတ်သိမ်းချိန်အထိ ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို အသုံးပြုရန် အလားအလာရှိသည့်ဒေသဖြစ်ရန် လိုအပ်ပါသည်။ သို့မှသာ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိခြင်း၊ ထွက်ရှိလာသော သီးနှံများကို သယ်ယူရလွယ်ကူပြီး ကြိတ်ခွဲသန့်စင်အခြောက်ခံခြင်းကို အချိန်မီဆောင်ရွက်နိုင်၍ အရည်အသွေးပြည့်မီသော သီးနှံများရရှိခြင်း စသည့်အားသာချက်များ ရရှိမည် ဖြစ်ပါသည်။

### တောင်သူများရှိသည့်ဒေသကို ဦးစားပေးရွေးချယ်ရမည်

ထို့အပြင် ရွေးချယ်သတ်မှတ်ထားသော ဈေးကွက်ဝင် အထွက်ကောင်းမျိုးများကို တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးနိုင်သည့်ဒေသကို ဦးစားပေးရွေးချယ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ နည်းပညာများကို အပြည့်အဝလိုက်နာဆောင်ရွက်နိုင်ပြီး ပုဂ္ဂလိက၊ ကုမ္ပဏီအသင်းအဖွဲ့များနှင့် လက်ရှိအကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော တောင်သူများရှိသည့်ဒေသကို ဦးစားပေးရွေးချယ်ရပါမည်။ ဇုန်များတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို လိုက်နာဆောင်ရွက်ကြရန်နှင့် ဈေးကွက်လိုအပ်ချက်အရ ဩဂဲနစ်စိုက်ပျိုးရေးကိုလည်း လိုက်နာဆောင်ရွက်သင့်ပါသည်။

ပိုးမွှား၊ ရောဂါကာကွယ်နှိမ်နင်းရာတွင် ဘက်စုံပိုးမွှား ရောဂါကာကွယ်နှိမ်နင်းသည့် နည်းစနစ်ကို အသုံးပြုရမည်ဖြစ်ပြီး မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန်အတွက် သဘာဝမြေဩဇာများ တိုးမြှင့်သုံးစွဲသည့်စနစ်ကို ဖော်ဆောင်သွားကြရမည်ဖြစ်ပါသည်။ အခြေခံအဆောက်အအုံများဖြစ်သည့် ကုန်ထုတ် လမ်းများ၊ သိုလှောင်ရုံများ၊ ကြိတ်ခွဲစက်၊ သန့်စင်စက်၊ အခြောက်ခံစက် စသည်များလည်း ပြည့်စုံရပါမည်။

အဆိုပါဇုန်များ အကောင်အထည်ဖော်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများမှာ များပြားလှပါသည်။ လယ်သမားများအနေဖြင့် စပါးကုန်သည်များသို့ ရောင်းချခြင်းထက် ပြည်ပသို့တင်ပို့မည့် ဝယ်လက်ကြီးများထံသို့ တိုက်ရိုက်ရောင်းချနိုင်ခြင်း၊ အရည်အသွေးမြင့်သော ဆန်စပါးကို ရောင်းချနိုင်သည့်အတွက် ဈေးကောင်းရကာ ဝင်ငွေပို၍ကောင်းခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ ခေတ်မီနည်းပညာများကို လေ့လာသင်ယူခွင့်ရခြင်း၊ စနစ်ကျစွာ ဖွဲ့စည်းထားသော ဇုန်ဖြစ်သည့်အတွက် ဘဏ်များ၊ ငွေကြေးအဖွဲ့အစည်းများ စသည်တို့ထံမှ ချေးငွေများ လွယ်ကူစွာရရှိခြင်း စသည့် ခံစားခွင့်များကို လယ်သမားများ ရရှိနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် **အရည်အသွေးမြင့်သောဆန်များ ပိုမိုတင်ပို့နိုင်သည့်အတွက် ကမ္ဘာ့ဆန်ဈေးကွက်တွင် ထိုင်း၊ ဗီယက်နမ်တို့နှင့် ယှဉ်ပြိုင်နိုင်ခြင်း၊ ကိုယ်ပိုင်အမှတ်တံဆိပ်တစ်ခု တည်ဆောက်နိုင်ခြင်း၊ မိရိုးဖလာစိုက်ပျိုးရေးမှ ခေတ်မီစိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းရာတွင် အထောက်အကူဖြစ်စေခြင်းနှင့် စံချိန်စံညွှန်းနှင့် ကိုက်ညီသော အရည်အသွေးမြင့်ဆန်များကို ပြည်တွင်းစားသုံးသူများ အနေဖြင့်လည်း ဝယ်ယူစားသုံးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို နိုင်ငံတော်မှ ရရှိမည်ဖြစ်ပါသည်။**

စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း အရည်အသွေးကောင်းသော ဆန်စပါးကုန်ကြမ်းများ ရရှိနိုင်ခြင်း၊ ကုန်ကြမ်းစုဆောင်းရာတွင် ပိုမိုလွယ်ကူပြီး သယ်ယူပို့ဆောင်ရေးစရိတ် သက်သာနိုင်ခြင်းနှင့် ကုန်ကြမ်းပြတ်လပ်မှု ပြဿနာနည်းပါးခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်။ ဇုန်အတွင်းတွင် စိုက်ပျိုးရေးဆိုင်ရာ ညွှန်ကြားချက်များ ချမှတ်နိုင်သည့်အတွက် မြေဆီလွှာထိန်းသိမ်းခြင်း၊ ရေအရင်းအမြစ်ထိရောက်စွာ အသုံးချခြင်းနှင့် ဓာတုဆေးဝါးထိန်းချုပ် အသုံးပြုခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

### အထူးဇုန်လုပ်ငန်းစီမံချက်ကို ချမှတ်ဆောင်ရွက်နိုင်ခဲ့

ဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့သည် ဩဂုတ် ၁၈ ရက်တွင် ရုံးအမှတ် (၁၅) အစည်းအဝေးခန်းမတွင် တွေ့ဆုံ၍ ဆန်စပါးတင်ပို့မှု အထူးဇုန်လုပ်ငန်းစီမံချက်ကို ချမှတ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

စပါးတင်ပို့မှုဇုန်များ စိုက်ပျိုးခြင်းကို ၂၀၂၅-၂၀၂၆ ခုနှစ်၊ နွေစပါးရာသီမှစ၍ နွေစပါးနှင့် မိုးစပါး စုစုပေါင်း ဧက ခြောက်သိန်းကျော်ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။ ဇုန်များ သတ်မှတ်ဆောင်ရွက်ရာတွင် မျိုးလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း ဟန်ချက်ညီညီ စိုက်ပျိုးသွားမည်ဖြစ်ပါသည်။ အဆိုပါမျိုးစေ့ထုတ်လုပ်ငန်းများအတွက် အရင်းမပျောက်မတည်ငွေအဖြစ် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းခွဲနှုန်းဖြင့် ဧက ၅၀၀၀ အတွက် ကျပ် ၁ ဒသမ ၂၅ ဘီလီယံကို အတိုးမဲ့ ထုတ်ချေးသွားမည်ဖြစ်ပါသည်။

*စာမျက်နှာ ၇ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝါဝါမောင်နှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းတို့သည် ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေး အဖွဲ့ဝင်နှင့်အတူ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ဘုရားကျောင်းကျေးရွာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ငါးမွေးမြူခြင်း၊ ပြုပြင် ထုတ်လုပ်ခြင်း၊ အေးခဲခြင်းနှင့် ဆက်စပ်သောလုပ်ငန်း များ လုပ်ကိုင်လျက်ရှိသည့် Global Earth Agro & Aqua Industry Public Company Limited(GEAA)၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသို့ သွားရောက်ကြည့်ရှု အားပေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဧရာဝတီတိုင်းဒေသ ကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များကို ကုမ္ပဏီဥက္ကဋ္ဌ ဦးငွေးမြင့်က လုပ်ငန်းလည်ပတ်နေမှုအခြေအနေ များ၊ ငါးမွေးမြူထုတ်လုပ်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့မည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စု ဝန်ကြီးက မြေယာများအား ထိထိရောက်ရောက် အသုံးပြု၍ ထုတ်လုပ်မှုတိုးမြှင့်နိုင်ရေး၊ စွန့်ပစ်ပစ္စည်း များမှ သဘာဝမြေဩဇာနှင့် တန်ဖိုးမြှင့်စိုက်ပျိုးရေး သွင်းအားစုထုတ်ကုန်များ ထုတ်လုပ်ပြီး ဒေသခံ ပြည်သူများအတွက် ဖြန့်ဝေနိုင်ရေး၊ ဒေသတွင်း MSME လုပ်ငန်းများအား လက်တွဲခေါ်ယူရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင် နိုင်ရေး၊ တောင်သူလယ်သမား၊ ငါးမွေးမြူတောင်သူ များကို နည်းပညာသစ်များ ဖြန့်ဝေပေးနိုင်ရေး၊ ဒေသခံအစုအဖွဲ့များ ရှယ်ယာပါဝင်သည့် အများပိုင် ကုမ္ပဏီ (Public Listed Company) စာရင်းဝင် ဖြစ်လာစေရေး၊ ဒေသတွင်းလူ့အဖွဲ့အစည်း ဖွံ့ဖြိုးမှု နှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် လူနေမှုစနစ် တိုးတက်လာစေရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကြံပြုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် က လုပ်ငန်းများ အရှိန်အဟုန်မပြတ်လည်ပတ်စေရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးတို့ နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များ သည် ကုမ္ပဏီ၏ အစာတောင့်စက်ရုံ၊ နည်းပညာသစ် အသုံးပြု၍ ငါးမွေးမြူထုတ်လုပ်နေမှုအခြေအနေ၊ ငါးအခြေခံစားသောက်ကုန်ထုတ်စက်ရုံ၊ ငါးအသား လွှာထုတ်လုပ်မည့်အစီအစဉ်နှင့် အအေးခန်းစက်ရုံ များ၊ စပါးခွံသုံး လျှပ်စစ်ထုတ်လုပ်သုံးစွဲမှုအခြေအနေ များကို လှည့်လည်ကြည့်ရှုသည်။ အဆိုပါလုပ်ငန်း သည် စနစ်ဟောင်းငါးမွေးမြူခြင်းမှ ခေတ်မီစနစ်ဖြင့် တစ်နေရာတည်း၌ စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ် ၍ Food Park ဖြစ်ပေါ်လာစေရေးနှင့် စားသုံးသူများ အတွက် Farm to Table ရောက်ရှိအောင် ဆောင်ရွက် ၍ ငါးနှင့်ပတ်သက်သော စားသောက်ကုန်များအား အော်ဂဲနစ်စံချိန်ဖြင့်ထုတ်လုပ်ပြီး မြန်မာ့ရေထွက် ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့လျက်ရှိသည့် လုပ်ငန်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီး များသည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရင်းနှီး မြှုပ်နှံမှု မြှင့်တင်ရေးကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များ ပိုမိုမြန်ဆန်ချောမွေ့စေရန် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ကိုဗစ်-၁၉ ရန်ပုံငွေမှ ခွင့်ပြု ထုတ်ချေးငွေများ ပြန်လည်ကောက်ခံရရှိရေးတို့နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေး ခန်းမ၌ ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီ တိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိ သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူလျင်မြန် အဆင် ပြေချောမွေ့စေရေး ပံ့ပိုးပေးနေမှုအခြေအနေများ၊ ရင်းနှီးမြှုပ်နှံသူများအတွက် အထောက်အကူပြု စေမည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ်ဖြစ်ပေါ်လာ စေရေးဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စီးပွားရေး လုပ်ငန်းရှင်များက သိရှိလိုသည်များကို တင်ပြ ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့်သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက် ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပုသိမ်မြို့ စက်မှုဇုန် နယ်မြေ (Pathein Industrial Complex) အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများကို သွားရောက်ကြည့်ရှုအားပေး ၍ ကုမ္ပဏီတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက် နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၀**

၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားနေကြသည့် တောင်ပိုင်းတိုင်းစစ်ဌာန ချုပ်မှ ကျောင်းသား ကျောင်းသူ များအား ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ များ ပေးအပ်ခြင်းကို ယနေ့မွန်းလွဲ ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက် နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊




မိသားစုဝင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြား လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်း ဝတ်စုံနှင့် စာရေးကိရိယာများ ကို ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ ပြည်တပ်နယ် တွင်လည်း ၂၀၂၅-၂၀၂၆ ပညာ သင်နှစ်တွင် တက်ရောက်ပညာ သင်ကြားလျက်ရှိသည့် ကျောင်း သား ကျောင်းသူများအား ဒုတိယ အကြိမ် ကျောင်းဝတ်စုံနှင့်စာရေး ကိရိယာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



*○ ရွှေဖုံးမှ*

နှမ်း ၁၄၀၃၃ ဧက၊ နေကြာ ၁၂၁၆ ဧက၊ ပန်းနှမ်း ၅၃၄၂ ဧက၊ မုန်ညင်းစေ့ ၃၅၇ ဧက စုစုပေါင်း ၃၄၈၆၄ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

*စာမျက်နှာ ၆ မှ*

ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် များအနေဖြင့် ဆန်စပါးတင်ပို့မှု အထူးဇုန်များ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက် နိုင်ရေးအတွက် စည်းမျဉ်းများ၊ စံလုပ်ထုံး လုပ်နည်း များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်သွား ကြရမည်ဖြစ်ပါသည်။ ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါး ရာသီမှ စတင်ဆောင်ရွက်နိုင်ရေးအတွက် မျိုးစေ့ ထုတ်လုပ်ငန်းများအား အားပေးကူညီဆောင်ရွက် သွားကြရမည် ဖြစ်ပါသည်။ ခေတ်မီစိုက်ပျိုးရေး နည်းပညာများနှင့် ဈေးကွက်သတင်းအချက် အလက်များမျှဝေမှုများကို ပုံမှန်ဆောင်ရွက်သွား ကြရမည်ဖြစ်ပါသည်။ ဇုန်တစ်ခုချင်းစီအား အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်ထားပြီး ဇုန်တစ်ခု ချင်းစီ၏ စွမ်းဆောင်ရည်ကို စောင့်ကြည့်လေ့လာ ခြင်းနှင့် တိုးတက်မှုသုံးသပ်ရေးစနစ် (Monitoring and Evaluation) ကို ဆောင်ရွက်ကြရမည် ဖြစ်ပါ သည်။

**ရေရှည်တည်တံ့ အောင်မြင်သောဇုန်များကို ဆက်လက်တိုးချဲ့ ဆောင်ရွက်နိုင်မည်**

ဆည်မြောင်းတာတမံ၊ လျှပ်စစ်မီး၊ လမ်းပန်း ဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံများ ကောင်းမွန်ရန် တည်ဆောက်ပြင်ဆင်ထိန်းသိမ်း ပေးခြင်း၊ လယ်သမားများအတွက်ငွေကြေးဆိုင်ရာ ပံ့ပိုးမှု (ချေးငွေနှင့် သီးနှံအာမခံလုပ်ငန်း)၊ ထိရောက် သောဈေးကွက်ရရှိရေးအတွက် တင်ပို့မည့် နိုင်ငံ များနှင့် သဘောတူညီချက်ရရှိရေးစသည်တို့ ဆောင်ရွက်ပေးခြင်းဖြင့် ရေရှည်တည်တံ့ အောင် မြင်သောဇုန်များကို ဆက်လက်တိုးချဲ့ ဆောင်ရွက် နိုင်မည် ဖြစ်ပါသည်။

ထိုသို့ ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ပါက ပြည်ပပို့ကုန်စပါးအထူးဇုန်စနစ်သည် ကမ္ဘာ့အဆင့် မီ မြန်မာ့ဆန်လုပ်ငန်းတစ်ခုအဖြစ် ပြောင်းလဲနိုင် မည့် အခွင့်အလမ်းတစ်ခုဖြစ်ပါသည်။ သို့ဖြစ်ရာ အစိုးရ-လယ်သမား-ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း ရှင်များပူးပေါင်း၍ စပါးတင်ပို့မှု အထူးဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**"ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့မှုကိုကြည့်ပါက ၂၀၂၀-၂၀၂၁ ခုနှစ်တွင် မက်ထရစ်တန် ၁ ဒသမ ၈၇ သန်း၊ ၂၀၂၁-၂၀၂၂ (အောက်တိုဘာ-မတ်) ခုနှစ်တွင် မက်ထရစ်တန် ၁ ဒသမ ၃၈ သန်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မက်ထရစ်တန် ၂ ဒသမ ၂၆ သန်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် မက်ထရစ်တန် ၁ ဒသမ ၆၈ သန်းနှင့် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မက်ထရစ်တန် ၂ ဒသမ ၄၈ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်"**

❂ ❂ ❂


Gladys Muthoni
ကင်ညာနိုင်ငံသူ


Mary Jane a Vicente
ဖိလစ်ပိုင်နိုင်ငံသူ


Benson Koech
ကင်ညာနိုင်ငံသား


Mumtaz Tahir khan
ပါကစ္စတန်နိုင်ငံသား


Zhang Hao Nan
တရုတ်နိုင်ငံသား


Bong Bong
တရုတ်နိုင်ငံသား


Xu You qiqng
တရုတ်နိုင်ငံသား

❖ *ရွှေဖုံးမှ*

တပ်မတော်က စဉ်ဆက်မပြတ် ချေမှုန်းရှင်းလင်းလျက်ရှိသည့်အပြင် ယင်းတို့စုဖွဲ့နေထိုင်ခဲ့ကြသည့် KK Park အတွင်းရှိ အဆောက်အအုံများကို ဖျက်ဆီးရှင်းလင်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နေပြီဖြစ်သည်။

ထိုကဲ့သို့ မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေတွင် အခြေပြု၍ online လိမ်လည်မှုများ၊ online လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခဲ့မှုကြောင့် ဖမ်းဆီးခံရပြီး နိုင်ငံတော်အစိုးရက သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်ဒဏ်ပေး လွှဲပြောင်းပေးအပ်မည့် ပြည်ပနိုင်ငံသားများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**Gladys Muthoni**
**ကင်ညာနိုင်ငံသူ**

ထိုင်းနိုင်ငံမှာ ကွန်ပျူတာနဲ့ပတ်သက်တဲ့ အလုပ်လုပ်ရမယ်ဆိုပြီး Telegram နဲ့ Facebook ကနေ သူငယ်ချင်းက ဆက်သွယ်လာပါတယ်။ ဒါကြောင့် ကင်ညာနိုင်ငံကနေ အီသီယိုးပီးယားနိုင်ငံကို လေယာဉ်နဲ့လာတယ်။ အဲဒီကနေ တစ်ဆင့် ထိုင်းနိုင်ငံ ဗန်ကောက်ကို ရောက်ပါတယ်။ ဗန်ကောက်ကနေ မြန်မာနိုင်ငံထဲကို ကားနဲ့ တစ်ယောက်တည်း လာခဲ့ပါတယ်။ မြန်မာနိုင်ငံထဲက KK Park ကိုရောက်တော့ အွန်လိုင်းလိမ်လည်မှု လုပ်ရမယ်မှန်းမသိခဲ့ပါဘူး။ ကွန်ပျူတာပိုင်းဆိုင်ရာ အလုပ်ပဲလုပ်ရမယ်လို့ ထင်ခဲ့တယ်။ ဒီကိုရောက်တဲ့အခါကျမှ အွန်လိုင်းလိမ်လည်မှုအလုပ်ကို လုပ်ခဲ့ရပါတယ်။ တစ်နေ့ကို ၁၈ နာရီလောက် အလုပ်လုပ်ရပါတယ်။ အခုကတော့ ကျွန်မတို့ကို သက်ဆိုင်ရာ သံရုံးနဲ့ ချိတ်ဆက်ပြီး ပြန်ပို့ပေးမယ်လို့ ပြောပါတယ်။

**Mary Jane a Vicente**
**ဖိလစ်ပိုင်နိုင်ငံသူ**

ဖိလစ်ပိုင်ကနေ ထိုင်းကို လေယာဉ်နဲ့ လာခဲ့ပါတယ်။ ထိုင်းနိုင်ငံကနေ မြန်မာနိုင်ငံကို ရောက်ဖို့အတွက် တောင်တစ်လုံးကို ဖြတ်ကျော်ခဲ့ရတယ်။ တရုတ်လူမျိုးတစ်ယောက်က ကျွန်မအပါအဝင် ၂၇ ယောက်ကို ကားသုံးစီးနဲ့ ခေါ်လာခဲ့ပါတယ်။ ထိုင်းဘက်ကနေ ညပိုင်းမှာ မြစ်ကိုကျော်ပြီး KK Park ထဲကို ရောက်လာခဲ့ပါတယ်။ HR ရာထူးနဲ့လစာတွေ အများကြီးပေးမယ်ဆိုပြီး ခေါ်ခဲ့တာဖြစ်ပါတယ်။ အွန်လိုင်းလိမ်လည်မှုဆိုတာကို လုံးဝမသိခဲ့ရပါဘူး။ ကျွန်မကို မြန်မာနိုင်ငံမှာ အလုပ်လုပ်ရမယ်လို့လည်း တစ်ခါမှ မပြောခဲ့ဘူး။ ထိုင်းနိုင်ငံမှာပဲ HR ရာထူးနဲ့ အလုပ်လုပ်ရမယ် ပြောခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံဆိုတဲ့ စကားလုံးတစ်လုံးမှ မပြောခဲ့ပါဘူး။ ဒါပေမယ့် ကျွန်မ မြန်မာနိုင်ငံကို ရောက်လာခဲ့ရတယ်။ မြန်မာနိုင်ငံမှာ လုပ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်လည်း ကျွန်မမှာ မရှိဘူး။ မြန်မာကိုလည်း လာတာမဟုတ်ဘူး။ ထိုင်းကိုပဲ သီးသန့်လာခဲ့တာ ဖြစ်ပါတယ်။

ဒီမှာလည်း ကျွန်မကို HR အနေနဲ့ ခေါ်တယ်ဆိုပေမယ့် တကယ်တမ်းကျတော့ Online scam တွေပဲ လုပ်ရပါတယ်။ တစ်ရက်ကို ၁၂ နာရီကြာအောင် အလုပ်လုပ်ရတယ်။ ဒီအလုပ်ရဖို့ ကျွန်မတို့ကို ဆိုရှယ်မီဒီယာဖြစ်တဲ့ Telegram ကနေတစ်ဆင့် ချိတ်ဆက်ပြီး ခေါ်ခဲ့တာပါ။ တစ်ခါတလေ အလုပ်မှာ သူတို့လိုအပ်တဲ့ Target ပန်းတိုင်မရောက်ရင် အပြစ်ပေးတာမျိုးတွေရှိတယ်။ ကျွန်မ သူငယ်ချင်းတွေလည်း အပြစ်ပေးခံရတာတွေရှိတယ်။ KK Park အတွင်းထဲမှာ အလုပ်တွေနဲ့ သက်ဆိုင်တဲ့ အဆောက်အအုံတွေ တစ်ကနေ ခြောက်အထိရှိတယ်။ အဲ့ဒီမှာ ကျွန်မတို့ ဖိလစ်ပိုင်လူမျိုးတွေ အယောက်တစ်ထောင်လောက်ရှိမယ်လို့ ခန့်မှန်းရတယ်။

အခု ထိန်းသိမ်းရေးစခန်းမှာ မြန်မာနိုင်ငံ အစိုးရက ဆေးဝါးတွေ၊ အစားအစာတွေနဲ့ အခြားလိုအပ်တဲ့ ပစ္စည်းတွေကို ထောက်ပံ့ပေးထားပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ကျွန်မတို့ သံရုံးတွေနဲ့ ချိတ်ဆက်ပြီး နှစ်ပတ်လောက်နေရင် ပြန်ပို့ပေးမယ်လို့ သိရပါတယ်။ အမိနိုင်ငံကို ပြန်ချင်တဲ့အတွက် အမြန်ဆုံးပြန်လာခေါ်စေချင်ပါတယ်။

**Benson Koech**
**ကင်ညာနိုင်ငံသား**

ကျွန်တော်က ဒူဘိုင်းမှာ အလုပ်လုပ်ပါတယ်။ ဗန်ကောက်ကို အလည်လာရင်း ကုမ္ပဏီတစ်ခုရဲ့ Telegram အကောင့်ကနေ ဒီမှာအလုပ်လုပ်မလားဆိုပြီး ဆက်သွယ်လာခဲ့ပါတယ်။ စိတ်ဝင်စားတဲ့အတွက် ဗန်ကောက်မှာပဲ အလုပ်လုပ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဗန်ကောက်ကနေ ၈ နာရီလောက်ဝေးတဲ့ နေရာမှာ အလုပ်လုပ်မလားဆိုပြီး ထပ်ပြောခဲ့တယ်။ ကားအကောင်းစားတွေနဲ့လာခေါ်လို့ လိုက်လာခဲ့ပြီး ဒီကိုရောက်လာခဲ့ပါတယ်။ ကားပေါ်မှာ ကောင်းတဲ့အလုပ်ဟုတ်ရဲ့လားဆိုပြီး မေးခဲ့ပေမယ့် သူငယ်ချင်းတွေက ဒီအလုပ်က ကောင်းတဲ့အလုပ်၊ လစာလည်းကောင်းမယ်၊ အခွင့်အရေးလည်း ကောင်းလိမ့်မယ်ပြောတာနဲ့ ဒီကိုရောက်လာခဲ့တယ်။ ဒီကိုရောက်တဲ့အချိန်မှာ အလုပ်တွေကို မလုပ်ဘူးလို့ ငြင်းဆန်ပေမယ့် အခွင့်အရေးမရတော့ဘူး။ KKPark ကိုရောက်လာတဲ့အချိန်အထိ ထိုင်းနိုင်ငံလို့ပဲ ထင်ခဲ့တယ်။ ဒီရောက်တော့ ဘယ်မှလဲမသွားရတော့ဘူး။

ဒီကို ရောက်တဲ့လမှာ အလုပ်ကို ဘယ်လိုလုပ်ရမယ်ဆိုတာ တစ်လလုံး သင်ကြားပေးတယ်။ ဖုန်းလေးလုံးပေးထားပြီး ဆက်သွယ်ခိုင်းတယ်။ ပြီးတော့ ထောင်နဲ့ချီတဲ့ မက်ဆေ့တွေကို စာပြန်ပို့ရတယ်။ ဟိုဘက်က ဟိုင်း၊ နေကောင်းလားဆိုတဲ့ စာပြန်ပို့လာရင် အထက်က Senior တွေက ဘာပြန်လုပ်ရမလဲဆိုတာကို ညွှန်ကြားပေးတယ်။

ဒီကိုရောက်လာတော့ KK Park ဆိုတာကို စပြီးတော့ သိလာတယ်။ အရင်က တစ်ခါမှမကြားဖူးဘူး။ အလုပ်လုပ်ရတဲ့အချိန်တွေက တရုတ်နိုင်ငံ ပေကျင်းစံတော်ချိန်အတိုင်း ၉ နာရီမှ စလုပ်ရတယ်။ နောက်နေ့ မနက် ၂ နာရီအထိ အလုပ်လုပ်ရတယ်။ တစ်ဖက်ကို စာပို့တဲ့အချိန်မှာ တစ်ဖက်ကပို့တဲ့ စာမပြန်ရင် ဘာဖြစ်လို့စာမပြန်လဲဆိုပြီး အပြစ်ပေးတာခံရပါတယ်။ နှစ်ရက်သုံးရက်အထိ အစာမကျွေးဘဲ ထားတဲ့အချိန်တွေရှိခဲ့ပါတယ်။ အပြစ်ပေးတဲ့အနေနဲ့ ပုံမှန်အိပ်တဲ့နေရာတွေမှာ ပေးမအိပ်ဘဲ အခြားနေရာတွေမှာ အိပ်ခိုင်းခဲ့တာမျိုးရှိတယ်။

အခုကတော့ မြန်မာနိုင်ငံရဲ့ ထိန်းသိမ်းရေးစင်တာမှာ အဆင်ပြေပါတယ်။ အရင်အလုပ်လုပ်ခဲ့တဲ့ KK Park မှာထက် ဒီမှာပိုအဆင်ပြေပါတယ်။ KK Park တုန်းက ပြန်ဖို့ပဲ တွေးနေခဲ့တယ်၊ ပြန်ချင်လို့ မန်နေဂျာကို ပြောပေမယ့် လက်မခံခဲ့ဘူး။ ဒီထိန်းသိမ်းရေး စင်တာရောက်တော့ ပျော်ရွှင်ခဲ့ရတယ်။ စိတ်ချမ်းသာတယ်။

ဒီစင်တာက နံနက်စာ၊ နေ့လယ်စာနဲ့ ညစာ၊ ကောင်းမွန်တဲ့ရေတွေ၊ နေရာထိုင်ခင်း အဆင်ပြေပြေနဲ့ အခြားလိုအပ်တာတွေကိုပြည့်ပြည့်စုံစုံ ကောင်းကောင်းမွန်မွန် စီစဉ်ပေးထားတဲ့အတွက် မြန်မာနိုင်ငံရဲ့အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။

ကျွန်တော်တို့လို နိုင်ငံခြားသား ၈၀ ရာခိုင်နှုန်းလောက်ဟာ ထိုင်းနိုင်ငံဘက်ကတစ်ဆင့် ရောက်လာကြတယ်။ ကျွန်တော်တို့ အာဖရိကဘက်က လာတဲ့သူတွေ ပိုများတယ်။ အခု ငါးလအတွင်း ထိုင်းဗီဇာကြောင့် လာတဲ့သူတွေနည်းသွားတယ်။ ကျွန်တော်လာတုန်းက ၁၈ နာရီလောက်ကြာတယ်။

ကျွန်တော့် လက်မှာရှိတဲ့ ဒဏ်ရာက အပြစ်ဒဏ် လျှပ်စစ်မီးနဲ့ တို့ခံရတဲ့ ဒဏ်ရာဖြစ်တယ်။ တချို့သူတွေဆို ခေါင်းကိုစားပွဲနဲ့ ဆောင့်ရိုက်ခံရတဲ့ သူတွေလည်းရှိတာကို ကြုံတွေ့ခဲ့ရတယ်။ ပြစ်ဒဏ်ကြီးကြီးမားမားပေးချင်တဲ့အခါမှာ ရုံးခန်းထဲခေါ်ပြီး အပြစ်ပေးတယ်။

KK Park မှာ ဖုန်းကို တစ်နာရီလောက်ပဲပေးသုံးတယ်။ ပေးသုံးတဲ့အချိန်မှာလည်း အထူးကြပ်မတ်ပြီးတော့ စောင့်ကြည့်နေတယ်။ ဖုန်းမှာ Password ထားပိုင်ခွင့်မရှိဘူး။ အချက်အလက်တွေကို သူတို့ အကုန်သိမ်းထားတယ်။ မိသားစုဝင်တစ်ယောက် နှစ်ယောက်ကိုပဲ ပေးပြီး ဆက်သွယ်ခွင့်ပြုပေးတယ်။ သက်ဆိုင်ရာကို အကူအညီတောင်းတာတွေ့ရင် အစအနဖျောက်မယ်လို့ ခြိမ်းခြောက်တယ်။ ဒီကိုရောက်ရောက်ချင်းလမှာ ထိုင်းဘတ် သုံးသောင်းပေးတယ်။ နောက်ပိုင်းမှာ မပေးတော့ဘူး။ စားသောက်နေထိုင်ဖို့လောက်ပဲပေးတယ်။ အလုပ်နောက်ကျရင် ဒဏ်ငွေဆောင်ရတယ်။ ကျွန်တော်တို့ ဒီရောက်နေတဲ့ အာဖရိကနိုင်ငံသားအားလုံးရဲ့ မိသားစုတွေက ဗန်ကောက် ဒါမှမဟုတ် တရုတ်နိုင်ငံတို့မှာ အလုပ်လုပ်နေကြတယ်လို့ ထင်ကြတယ်။ KK Park မှာ အလုပ်လုပ်နေတယ်လို့ ပြောပိုင်ခွင့်မရှိပါဘူး။

**Mumtaz Tahir khan**
**ပါကစ္စတန်နိုင်ငံသား**

ဒီအလုပ်ကို စသိတာက အွန်လိုင်းကတစ်ဆင့်သိတာပါ။ အဲဒီကနေ ဆက်သွယ်မိပြီး ဗန်ကောက်ကို ရောက်လာတယ်။

*စာမျက်နှာ ၉ သို့*


ထိန်းသိမ်းရေးစခန်းအတွင်းရှိ ပြည်ပနိုင်ငံသားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည်ကို တွေ့ရစဉ်။

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များ အောင်မြင်မှုရရှိစေရေးနှင့် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ရန်ကုန်တိုင်းဒေသကြီးမှ ရွေးချယ်ခံရသည့် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအတွက် ရန်ကုန်တိုင်းဒေသကြီးမှ ထောက်ပံ့ချီးမြှင့်ငွေပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၀**

၂၀၂၅ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များ အောင်မြင်မှုရရှိစေရေးနှင့် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ရန်ကုန်တိုင်းဒေသကြီးမှ ရွေးချယ်ခံရသည့် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအတွက် ရန်ကုန်တိုင်းဒေသကြီးမှ ထောက်ပံ့ချီးမြှင့်ငွေပေးအပ်သည့် အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား ထောက်ပံ့ချီးမြှင့်ငွေကျပ် သိန်း ၁၀၀၀ တိတိကို ပေးအပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး**(အပေါ်ယံပုံ)** (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးမှ ရွေးချယ်ခံရသည့် အုပ်ချုပ်သူ/နည်းပြ၊ အားကစားသမားများအတွက် ထောက်ပံ့ချီးမြှင့်ငွေကျပ်သိန်း ၁၃၆၅၀၀၀၀ ကို ပေးအပ်ရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးတို့က လက်ခံရယူသည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြေးခုန်ပစ်အားကစားနည်းမှ မီတာ ၈၀၀ အပြေးနှင့် လုံတံပစ်အားကစားနည်းတို့၏ လက်ရည်စမ်း စံချိန်ဆန်းစစ်နေမှုများကို ကြည့်ရှုအားပေးပြီး (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရွှေစံချိန်များထက် သာလွန်ကောင်းမွန်သည့် စံချိန်များရရှိခဲ့သည့် အားကစားသမားများအား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုချီးမြှင့်ငွေများကို ထောက်ပံ့ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစား လေ့ကျင့်ရေးစခန်း သုဝဏ္ဏရှိ တိုက်ကွမ်ဒိုအားကစားရုံတွင် တိုက်ကွမ်ဒိုအားကစားသမားများ၏ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်း အမျိုးအစားအလိုက် Mix Team အသင်းလိုက်ကကွက်၊ အတိုက်ကကွက်၊ တစ်ဦးချင်းကကွက် လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

**အစွမ်းကုန်ကြိုးစားအားထုတ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သုဝဏ္ဏဘောလုံး လေ့ကျင့်ရေးကွင်း(၁)တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ ကိုယ်စားပြု ISPE ဘောလုံးအသင်း၏ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကမ္ဘာ့အဆင့်နှင့် အာရှအဆင့်မီ လက်ရွေးစင်ဘောလုံးအသင်းများနှင့် ယှဉ်ပြိုင်၍ အတွေ့အကြုံများရရှိပြီး ခြေစွမ်းများ မြှင့်တင်၍ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထိုက်သင့်သည့် အောင်မြင်မှုများ ရရှိစေရန်အတွက် သက်ဆိုင်ရာ အားကစားနည်းစနစ်များ၊ ကစားပုံ၊ ကစားကွက်များပြောင်းပြီး ခံစစ်စနစ်မှတိုက်စစ်စနစ်အဖြစ် ပြောင်းလဲကစားနိုင်အောင် ကြိုးစားကြရန်လိုကြောင်း၊ မြန်မာ့အားကစားအဆင့်အတန်း မြှင့်တက်စေရန်နှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ဘောလုံးအားကစားနည်းဖြင့် မြှင့်တင်နိုင်သူများဖြစ်ပြီး ထိုက်တန်သည့် အောင်မြင်မှုများရရှိစေရေးအတွက် အစွမ်းကုန်ကြိုးစားအားထုတ်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**(၁၀-၁၁-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂-၁၁-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၉-၁၁-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၃၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချို ရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

*စာမျက်နှာ ၈ မှ*

အဲဒီကို ရောက်တဲ့အချိန်မှာ အချိုရည်တစ်ခုကို သောက်လိုက်တယ်။ ပြန်နိုးလာတဲ့အချိန်မှာ တောအုပ်တစ်ခုထဲမှာ ရောက်နေတယ်။ အဲဒီတောအုပ်ထဲမှာ လူသုံးယောက်က ဓားရှည်နဲ့ ပစ္စတိုနဲ့ စောင့်နေပြီး KK Park ထဲရောက်နေတဲ့အကြောင်းပြောပြတယ်။ တရုတ်ကောင်မလေးနှစ်ယောက်က ရုံးထဲကို ခေါ်သွားတယ်။ အဲဒီ တရုတ်လူမျိုးတွေကိုလည်း တစ်ခါမှမမြင်ဖူးဘူး၊ သိလည်းမသိဘူး။ အလုပ်လုပ်ဖို့ ကမ်းလှမ်းတယ်။ ပထမဦးဆုံးသုံးလကို ထိုင်းဘတ်တစ်သောင်းခွဲပေးမယ်လို့ ကမ်းလှမ်းတယ်။ အဲဒီသုံးလအတွက် တစ်ပြားမှ မရခဲ့ဘူး။ နောက်ဆုံး ရွေးချယ်စရာလမ်းမရှိတော့ အဲဒီမှာပဲနေခဲ့ရတယ်။

အခုလို မြန်မာနိုင်ငံအစိုးရက ကယ်တင်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ အဲဒီမှာ ငါးလနေခဲ့ရတယ်။ စရောက်တော့ စာပို့တဲ့အလုပ်မှာ လုပ်ရတယ်။ KK Park တစ်ကနေ ငါးအထိ ရှိတယ်။ အပြင်ထွက်ဖို့ အမျိုးမျိုးကြိုးစားပေမယ့် မရခဲ့ဘူး။ ကျွန်တော့်မိန်းမနဲ့ ညီလေးလည်း အဲဒီမှာပဲအလုပ်လုပ်နေရတယ်။ အဲဒါကြောင့် အကူအညီအများကြီးလိုအပ်ခဲ့တယ်။

အခုလို လွတ်မြောက်ချင်တဲ့အတွက် အဲဒီက ထွက်လာတဲ့အချိန်မှာ ပစ္စည်းတွေ ဘာတစ်မှမယူဘဲ ပြေးလာခဲ့တာဖြစ်ပါတယ်။ ထိန်းသိမ်းရေးစင်တာမှာ ကျွန်တော့်ကို ကူညီပေးတဲ့ လူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ အမြန်ဆုံး သံရုံးနဲ့ချိတ်ဆက်ပြီး အမြန်ဆုံး ပြန်ပို့ပေးနိုင်ဖို့ မျှော်လင့်ပါတယ်။

ကျွန်တော် ဒီမလာခင်က ကျွန်တော်တို့ နိုင်ငံမှာပဲ အိမ်ခြံမြေအရောင်းအဝယ်လုပ်ပါတယ်။ ဗန်ကောက်ကို ရောက်လာတဲ့အကြောင်းက လူတစ်ဦးက လစာအများကြီးနဲ့ ကမ်းလှမ်းတဲ့အတွက် ရောက်လာခဲ့တာပါ။ အိန္ဒိယနိုင်ငံမှာလည်း ဒီလိုမျိုး Typing အလုပ်တွေ ရှိတယ်။ အဲဒီ Typing အလုပ်က တရားဝင်ဖြစ်တယ်။ ဒီရောက်မှ Typing အလုပ်ဟာ ငွေလိမ်တဲ့ အလုပ်မှန်း ကျွန်တော်သိရတယ်။ အပြင်သွားလို့ မရဘူး။ လုံခြုံရေးအပြည့်ချထားတယ်။ ဝယ်ယူထားတဲ့ ပစ္စည်းတွေကို ဗီရိုထဲမှာ စနစ်တကျထားရတယ်။ ၈ နာရီထိုးကနေ မွန်းလွဲ ၂ နာရီအထိအလုပ်လုပ်ရတယ်။ ထမင်းစားချိန်ကို မိနစ် ၃၀ ပေးထားတယ်။ ပြီးတော့ ညနေ ၅ နာရီကနေ မနက် ၄ နာရီအထိ တစ်နေ့ကို ၁၇ နာရီကနေ ၁၈ နာရီအထိ အလုပ်လုပ်ရတယ်။

ကျွန်တော် ထိန်းသိမ်းရေးစင်တာမှာ အဆင်ပြေပါတယ်။ ကျွန်တော့်ကို ကူညီပေးကြတဲ့ မြန်မာနိုင်ငံအစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ မြန်မာအစိုးရက သံရုံးတွေနဲ့ ချိတ်ဆက်ပြီး အများကြီးကူညီဆောင်ရွက်ပေးပါတယ်။ ကျွန်တော့်အနေနဲ့ တောင်းဆိုချင်တာတော့ အမြန်ဆုံးအိမ်ပြန်ရောက်အောင် ကူညီပေးဖို့ တောင်းဆိုချင်တယ်။

**Zhang Hao Nan**
**တရုတ်နိုင်ငံသား**

တရုတ်နိုင်ငံကနေလာတော့ ဘယ်ကုမ္ပဏီမှာ လုပ်ရမယ်ဆိုတာ မသိဘူး။ ကျွန်တော့်ကို လိမ်ခေါ်လာတော့ ဘာအလုပ်လုပ်ရမယ်ဆိုတာ မသိဘူး။ ကျွန်တော်က အွန်လိုင်းကိစ္စလာတာ မဟုတ်ပါဘူး။ ကျွန်တော်ရောက်တာ မကြာသေးပါဘူး။ နှစ်လကျော်လောက်ပဲ ရှိပါသေးတယ်။ အလုပ်တွေ မလုပ်ရသေးပါဘူး။

ကျွန်တော့်သူငယ်ချင်းက ထိုင်းမှာ အလုပ်လာလုပ်ဖို့ခေါ်တယ်။ ထိုင်းနိုင်ငံရောက်ပြီးမှ ဒီဘက်ကို ရောက်လာတာပါ။ အကြွေးရစရာရှိတာကို ထိုင်းဘက်မှာ လာယူပြီး ပြန်ဖို့ပြောလို့ ထိုင်းကို ရောက်လာတာပါ။ ပိုက်ဆံလာယူဆိုပြီး လိမ်ခေါ်တယ်။ ထိုင်းရောက်တော့ တခြားလူလွှတ်ပြီး လာခေါ်တယ်။ လူငါးယောက်က ကားနဲ့လာကြိုပြီး KK Park ကို ရောက်လာတယ်။

**Bong Bong**
**တရုတ်နိုင်ငံသား**

ကျွန်တော်ကတော့ ကွမ်တုံမြို့ကနေပြီးတော့ ထိုင်းနိုင်ငံကို ရောက်ပါတယ်။ ထိုင်းရောက်တော့ ကျွန်တော့်ကို ကားပေါ်ဆွဲတင်ပြီး မလိုက်ချင်ဘူးဆိုတော့ ကျွန်တော့်ကို ရိုက်ပါတယ်။ KK Park ကို ရောက်တဲ့အချိန်မှာ ကျွန်တော် အလုပ်မလုပ်ပါဘူး။ အလုပ်မလုပ်တော့ အဲဒီကလူတွေက ကျွန်တော်ကို ရိုက်ပြီးတော့ အခန်းထဲမှာ ပိတ်ထားပါတယ်။ KK Park ကိုရောက်မှ မြန်မာနိုင်ငံထဲမှာ မှန်းသိရတယ်။ ငါးလလောက် အလုပ်မလုပ်တဲ့အတွက် ကျွန်တော့်ကို အခန်းထဲမှာ ပိတ်ထားပါတယ်။ အဲဒီချိန်မှာ တစ်နေ့ကို ထမင်းတစ်နပ်ပဲ ကျွေးပါတယ်။ အခု မြန်မာနိုင်ငံအစိုးရက စီစဉ်ပေးထားတာကောင်းပါတယ်။ ဒါပေမယ့် ကျွန်တော်အိမ်ပြန်ချင်တယ်။ ဟိုဘက်က လာမကြိုသေးတဲ့အတွက်စောင့်နေရတာဖြစ်ပါတယ်။

**Xu You qiqng**
**တရုတ်နိုင်ငံသား**

တရုတ်နိုင်ငံကနေ စထွက်လာပြီးတော့ ထိုင်းနိုင်ငံကို ရောက်ပါတယ်။ အောက်လမ်းကနေ လာတာဖြစ်ပါတယ်။ ထိုင်းကနေရောက်လာပြီးတော့ မြန်မာနိုင်ငံမှန်း မသိပါဘူး။ KK Park ကို ရောက်လာတာ နှစ်လကျော်လောက်ပဲ ရှိပါသေးတယ်။ ဘာမှ မလုပ်တတ်တဲ့အတွက် အခန်းကျဉ်းလေးထဲမှာ ချုပ်ထားပါတယ်။ တစ်ရက်ကို တစ်ခါလောက်တော့ မိသားစုနဲ့ အဆက်အသွယ်ရပါတယ်။ သူဌေးတွေက အကောင်းတွေကိုပဲ ပြောခိုင်းတယ်။ အိမ်ကမိသားစုတွေ စိတ်မခံစားရအောင် အကောင်းတွေပဲ ပြောပြရပါတယ်။ Phyo Phyo အကောင့်ကနေတွေ့ပြီး ပစ္စည်းအတင်အချအလုပ်တွေရှိတယ်ဆိုပြီး ဒီဘက်လာလုပ်ဆိုပြီး ပြောတာပါ။ ကျွန်တော်တို့ကို အခုမြန်မာနိုင်ငံက တာဝန်ရှိသူတွေက လုံခြုံအောင်ထားပေးတဲ့အတွက် ကောင်းပါတယ်။ မြန်မြန်တော့ ဆောင်ရွက်ပေးပါ၊ အိမ်ပြန်ချင်ပါတယ်။

**အောင်ဂျိုး**
**ဓာတ်ပုံ-မင်းမင်း**

# ဆည်မြောင်းဂုဏ်ဆောင် ကြက်မောက်တောင် (၃)

**ကြက်မောက်တောင်ဆည်မြောင်းစီမံကိန်းသည် ယင်းအချိန်ကာလက ရမည်းသင်းမြို့နယ်အတွင်း ဆည်မြောင်းဌာန၏ ပထမစီမံကိန်းဖြစ်သည့် သစ်ဆုံဆည်မြောင်းစီမံကိန်း တည်ဆောက်ပြီးစီးသည့်နောက် တစ်ဆက်တည်းလိုက်ပါ အကောင်အထည်ဖော် ဆောင်ရွက်သော နိုင်ငံ့အကြီးဆုံး ဒုတိယမြောက်စီမံကိန်းဖြစ်လာသည့်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန၊ ဆည်မြောင်းဌာန၏အဆင့်၊ ဂုဏ်မှာလည်း မြင့်တက်လာခဲ့ပါသည်။ နိုင်ငံခြားအကူအညီ လူ/ပစ္စည်းများ ရယူဆောင်ရွက်ခဲ့ခြင်းကြောင့်လည်း ဖြစ်ပါသည်။**

ဦးမျိုးမြင့်

၂၀၂၅ ခုနှစ် စက်တင်ဘာလကုန်ရက် တမံရေပိုလွှဲမှ နှစ်ပေါင်း ၆၀ ကျော် အချိန်ကာလတွင် ရေကျော်ကျစီးဆင်းမှု ဖြစ်စဉ်ကြောင့် ကြက်မောက်တောင်ဆည်မှာ တစ်ကျော့ပြန် နိုးထလာခဲ့ရသည်ဆိုပါက မှားမည်မဟုတ်ပါ။ ရေပိုလွှဲမှ ရေကျော်ကျစီးဆင်းမှုနှင့် ဆက်စပ်လာသော ဖြစ်စဉ်များ၊ မှတ်မိစုဆောင်းရရှိသမျှ မှတ်တမ်းများကို ဆောင်းပါးတွင် ဖော်ပြခဲ့ခြင်းနှင့်အတူ ဆည်ရေဝင်ရောက်မှု၊ သုံးစွဲမှု ဆက်စပ်လေ့လာတွေ့ရှိချက်ကိုလည်း ခြုံငုံ၍ ဖော်ပြလိုပါသည်။

**ဆိုဗီယက်အင်ဂျင်နီယာများ/ ကျွမ်းကျင်ပညာရှင်များ မြန်မာနိုင်ငံသို့ စေလွှတ်ရောက်ရှိလာ**

ကြက်မောက်တောင် ဆည်မြောင်းစီမံကိန်းလုပ်ငန်းများအဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်လာရာတွင် မြန်မာနိုင်ငံနှင့် ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ ဆွေးနွေးညှိနှိုင်းခြင်း၊ နှစ်ဦးနှစ်ဖက် သဘောတူညီမှုစာချုပ်များ ချုပ်ဆိုပြီးနောက် ဆိုဗီယက်အင်ဂျင်နီယာများ/ ကျွမ်းကျင်ပညာရှင်များ မြန်မာနိုင်ငံသို့ စေလွှတ်ရောက်ရှိလာခဲ့ကြပြီး နောက်ပိုင်းတွင် မြန်မာဘက်မှ အင်ဂျင်နီယာများ/ကျွမ်းကျင်ပညာရှင်များနှင့်အတူ အသေးစိတ် ကွင်းဆင်းစူးစမ်းလေ့လာခြင်း၊ ဒီဇိုင်းအချက်အလက်များ ရယူဒီဇိုင်းပုံထုတ်ခြင်း၊ ရေလှောင်တမံ၊ ရေပိုလွှဲ၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်၊ တူးမြောင်းစနစ်များ စတင်တည်ဆောက်ခြင်းစသည့် လုပ်ငန်းအဝဝကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ တည်ဆောက်ရေးကဏ္ဍစုံ ဆောင်ရွက်ပြီးစီးသည့်နောက် ဆည်ရေစတင်သိုလှောင်ခဲ့ရာ ဝင်ရေ/ထွက်ရေများနှင့် ဆက်စပ်လျက် စိုက်ပျိုးသီးနှံများ ဆည်ရေသွင်းစိုက်ပျိုးနိုင်မှု၊ ကြက်မောက်တောင် ရေလှောင်ကန်အတွင်းသို့ အခြားရေလှောင်ကန်များမှ ရေကူပေးသွင်းနိုင်မှုအခြေအနေများကိုလည်း ခြုံငုံ၍ ဖော်ပြလိုပါသည်။

ကြက်မောက်တောင်ဆည် ရေဝင်ရောက်မှုမှတ်တမ်းများအရ ၂၀၀၂ မှ ၂၀၂၅ ခုနှစ်အထိ တစ်နှစ်ပျမ်းမျှဆည်ရေ ဝင်ရောက်မှု ၄၇၂၂၆ ဧကပေရှိ၍ အသုံးချနိုင်သည့် ရေပမာဏဧကပေ ၇၀၀၀၀ ထက် ၂၂၇၇၄ ဧကပေ လျော့နည်းနေပြီး စိုက်ပျိုးရေအဖြစ် ပေးဝေနိုင်သည့်ပမာဏမှာ ၃၂ ဒသမ ၅၀ ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရှိရပါသည်။ ဖော်ပြပါ ကာလအတွင်း အမြင့်ဆုံးဆည်ရေဝင်ရောက်မှုမှာ ၂၀၀၇ ခုနှစ်တွင် ဧကပေ ၇၀၁၆၀၊ ၂၀၁၇ ခုနှစ်တွင် ဧကပေ ၇၅၀၀ နှင့် ၂၀၂၅ ခုနှစ် (ရေပိုလွှဲမှ ရေလျှံနှစ်)တွင်




ကြက်မောက်တောင်ဆည်သို့ ကျောက်တံခါးနှင့် တောင်ရေဆည်များမှ ရေလွှဲပြောင်းပေးမှုကို တွေ့ရစဉ်။

ဧကပေ ၈၁၀၂၀ အသီးသီးရှိကြောင်း တွေ့ရှိရပါသည်။

တစ်ဖက်တွင်လည်း အဆိုပါကာလအတွင်း အနည်းဆုံး ဆည်ရေဝင်ရောက်မှုများမှာ ၂၀၀၂ ခုနှစ်တွင် ဧကပေ ၂၀၀၀၀၊ ၂၀၁၅ ခုနှစ်တွင် ဧကပေ ၁၉၇၂၀ နှင့် ၂၀၂၀ ပြည့်နှစ်တွင် ၂၅၈၇၅ ဧကပေရှိကြောင်းလည်း တွေ့ရှိရပါသည်။ ဖော်ပြပါဖြစ်ရပ်များကို လေ့လာပါက မိုးရေချိန် တစ်နှစ်လျှင်ပျမ်းမျှ ၃၂ လက်မသာ ရွာသွန်းသဖြင့် ဆည်ရေဝင်ရောက်မှုနည်းပါးခြင်းကြောင့် ဖြစ်ပါသည်။ ထိုကဲ့သို့ ဆည်ရေဝင်ရောက်မှုနည်းပါးခြင်းကို အထိုက်အလျောက်တိုးတက်ပြေလည်မှုရရှိရန် ရည်ရွယ်ချက်ဖြင့် နတ်မောက်မြို့နယ်အတွင်းရှိ ကျောက်တံခါးရေလှောင်တမံနှင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိတောင်ရေရေလှောင်တမံများမှဆက်သွယ်တူးမြောင်းများဖြင့် သိုလှောင်ရေ လွှဲပြောင်းပေးခြင်းကို ၂၀၂၀ ပြည့်နှစ်မှ စတင်၍ နှစ်စဉ်ပျမ်းမျှ ဧကပေ ၁၁၉၀၀ ဖြည့်တင်းလျက်ရှိကြောင်း သိရှိရပါသည်။

**နှစ်စဉ်ကန်တွင်း ဝင်ရောက်လာသမျှ ရေကိုသာ အသုံးပြုဆည်ရေအဖြစ် ပေးဝေနိုင်ခဲ့**

တစ်ဖန် ဆည်ရေသောက်မြေဧရိယာ သတ်မှတ်ချက်မှာ မူလစီမံကိန်းပြီးစီးခဲ့သည့် ၁၉၆၆-၁၉၆၇ ခုနှစ်တွင် ၂၉၇၈၆ ဧကဖြစ်ပြီး သီးနှံပုံစံတွဲမှာ ချည်မျှင်ရှည်ဝါ၊ စပါး၊ မြေပဲ (ပင်ထောင်)၊ နှမ်းလျှင်နှင့် ပဲမျိုးစုံဖြစ်ကြပါသည်။ သို့ရာတွင် အချိန်ကာလပြောင်းလဲလာခြင်း၊ နှစ်စဉ်စီမံကိန်းဒေသ မိုးရွာသွန်းမှု နည်းပါးခြင်း၊ ဆည်ရေလုံလောက်စွာဖြည့်တင်းပေးဝေနိုင်မှုမရှိခြင်း စသည်တို့ကြောင့် စီမံကိန်းသီးနှံများ စိုက်ပျိုးရန် မဖြစ်နိုင်သဖြင့် နှစ်စဉ်ကန်တွင်း ဝင်ရောက်လာသမျှ ရေကိုသာ အသုံးပြုဆည်ရေအဖြစ် ပေးဝေနိုင်ခဲ့ပါသည်။

လက်ရှိအချိန်တွင် တောင်သူများ စိတ်ကြိုက်သီးနှံများကို စိုက်ပျိုးရန် ခွင့်ပြုထား၍ ဆည်ရေပေးဝေနိုင်သည့် ဧရိယာကို ၂၂၇၆၅ ဧက ပြုပြင်သတ်မှတ်ထားသည်ဟု သိရှိရပါသည်။ စီမံကိန်းစနစ်မူလချမှတ်ခဲ့စဉ်က ဒေသနှင့်ကိုက်ညီမည့် **“ရေအလိုနည်း”** သီးနှံစိုက်ပျိုးရန်ဖြစ်သော်လည်း လက်ရှိတွင်မူ **“ရေအလိုများ”** သီးနှံ မိုးစပါး/ နွေစပါးတို့ကိုသာ အားထားစိုက်ပျိုးကြ၍ ရေလှောင်တမံ ရေလှောင်ကန်၏ နှစ်စဉ်ဝင်ရေဖြင့် ဆည်ရေသောက် ဧရိယာပြည့်မီနှံ့စပ်အောင် ဆည်ရေပေးဝေနိုင်ရန် အခက်ခဲရှိနေကြောင်း ဆည်ရေသောက်ဧရိယာများ တိုးချဲ့စိုက်ပျိုးနိုင်ခြင်းလည်း မရှိကြောင်းတို့ကို တွေ့ရှိရပါသည်။

ကြက်မောက်တောင်ဆည်ရေသောက်ဧရိယာများ လျော့နည်းလာရခြင်းမှာ ဆည်ရေသောက်ဧရိယာအတွင်းရှိ ချောင်းငယ်၊ မြောင်းငယ်၊ စိမ့်စမ်းနှင့် ရိုးပြတ်များ ခန်းခြောက်လာခြင်း၊ ရွာသစ်/ရွာပိုးများ တိုးချဲ့ထူထောင်ခြင်း၊ ဆည်ရေမရောက်ရှိသည့် အပိုင်းများသည် ဆည်ရေ မလုံလောက်မှုကြောင့် နှစ်အဆက်ဆက် ရေပေးဝေမှု ချန်လှပ်ခံထားရ၍ စမ်းသပ်ရေပေးဝေလျှင်ပင် လိုရာသို့ မရောက်ရှိနိုင်ခြင်း၊ ရေစီမံခန့်ခွဲမှု ထိရောက်မှုရှိရန် လိုအပ်ခြင်း၊ စိုက်ပျိုးသီးနှံများအတွက် သတ်မှတ် (ပျိုးထောင်/စိုက်ပျိုး/ ခါးရေ/အောင်ရေစသည်) သီးနှံရေလိုအပ်ချက် ရေယူ တောင်သူများအား ပညာပေးစိစစ် ထိန်းချုပ်မှုအားနည်းခြင်း စသည်တို့ ဖြစ်ပါသည်။

**ဆည်ရေကို လိုအပ်သည်ထက် ပိုမိုရယူနေခြင်းတို့ကြောင့် ရေဆုံးရှုံးမှု မြင့်တက်များပြား**

ရေသောက်စနစ်အရင်းပိုင်းများရှိ တောင်သူများက ဆည်ရေကို လိုအပ်သည်ထက် ပိုမိုရယူနေခြင်းတို့ကြောင့်လည်း ရေဆုံးရှုံးမှု မြင့်တက်များပြားသဖြင့် ယင်းရေသောက်စနစ် အဖျားပိုင်းများသို့ ရေမရောက်ရှိခြင်းနှင့်အတူ တူးမြောင်းများ အချိန်ကြာလာသည်နှင့်အမျှ ယိုယွင်းပျက်စီးလာ၍ ရေသောက်ဧရိယာများ လျော့နည်းလာခြင်းဖြစ်သည်ဟု ယူဆရပါသည်။

ယခင်နှစ်စဉ် ဆည်ရေပေးဝေခဲ့သည့် တူးမြောင်းမကြီးများ (ဝဲ/ယာ)နှင့် လက်တံတူးမြောင်း အရင်းပိုင်းတို့တွင် ၂၀၁၅-၂၀၁၆ မှ ၂၀၂၃-၂၀၂၄ ခုနှစ်အထိ ကိုးနှစ်၏ လေ့လာမိသမျှ အချက်အလက်များအရ နှစ်စဉ် ပျမ်းမျှ ဧက ၄၃၇၀ ခန့်ကိုသာ စိုက်ပျိုးရေပေးဝေခဲ့သည့်ပုံစံကို တွေ့ရှိရပြီး ပြန်လည်စိစစ်ပြုပြင်သင့်ပြီဖြစ်သည်ဟု သုံးသပ်ပါသည်။ ၂၀၂၅ ခုနှစ် မိုးကာလနောက်ပိုင်း ဆည်ရေဝင်ရောက်မှုမှာ ကန်ရေပြည့်ရေလှောင်ပမာဏထက် ပိုလျှံနေပြီဖြစ်၍ အထူးသဖြင့် လက်ယာတူးမြောင်းမကြီးအဆုံး၊ ၎င်း၏ လက်တံမြောင်း (၂) အပိုင်းအချို့နှင့် လက်တံမြောင်း(၃) အပါအဝင် မြောင်းခွဲများသို့ ရေရောက်ရှိရန် စီမံဆောင်ရွက်သင့်ပါသည်။

**ဆည်ရေသောက်ဧရိယာများ ထွက်ပေါ်လာစေရန် အခွင့်အရေးဖြစ်ပေါ်လာ**

ယခုအချိန်သည် ကြက်မောက်တောင်ဆည်ရေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးလာ၍ ပူပြင်းခြောက်သွေ့သည့် ရေရှားအညာဒေသ စိုလန်းစိုပြည်လာတော့မည့် အခွင့်အလမ်းကောင်းများ ပေါ်ထွက်နေပြီဟု ဆိုရပါမည်။ ၂၀၂၅ ခုနှစ် စက်တင်ဘာလကုန်တွင် ကန်ရေပြည့် ရေလှောင်ပမာဏထက် ပိုမိုဝင်ရောက်ဆည်ရေကို ထိန်းထိန်းသိမ်းသိမ်းဖြင့် ချွေတာထိရောက်အကျိုးရှိစွာ သုံးစွဲပြီးနောက် ကန်တွင်းလက်ကျန်ရေနှင့် ၂၀၂၆ ခုနှစ် မိုးရာသီ ပုံမှန် စီးဝင်လာမည့် ဝင်ရေတို့ ပေါင်းစပ်ဆည်ရေဖြင့် လျော့နည်းသွားခဲ့သော ဆည်ရေသောက်ဧရိယာများ ထွက်ပေါ်လာစေရန် အခွင့်အရေးဖြစ်ပေါ်လာနေခြင်းဖြစ်ပါသည်။

ဆည်/ရေဦးစီးဌာန ထမ်းဆောင်ရမည့် တာဝန်အရပ်ရပ်ကို ရာခိုင်နှုန်းပြည့် အောင်မြင်စေရန် ချက်ချင်းလက်ငင်း အချိန်တိုအတွင်း ဆောင်ရွက်ပြီးစီးရန်မှာ မဖြစ်နိုင်သော်လည်း သိသာထင်ရှားသည့် တိုးတက်မှုရရှိရန် လိုအပ်ဟု ယူဆပါသည်။ စီမံကိန်း၏ မူလဘက်စုံဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက်ကို ပြည့်မီအောင် ဆည်/ရေ ဦးစီးဌာနတစ်ခုတည်းမှ စွမ်းဆောင်နိုင်မည် မဟုတ်သည်ကို နားလည်ထားပါသည်။ ပါဝင်ကြသည့် ဆက်စပ်အဖွဲ့အစည်းအားလုံးက ကြိုးပမ်းအားထုတ်ပူးပေါင်းလုပ်ကိုင်ကြမှသာလျှင် လိုရာခရီးပေါက်ရောက်မည်ဖြစ်ပါသည်။

စာရေးသူသည် နှစ်ပေါင်း ၆၀ ကျော်ကြာကာလအတွင်း ကြက်မောက်တောင်တမံ ရေပိုလွှဲမှ ကန်ရေပြည့် နိမ့်မြင့်မှတ် ကျော်လွန်၍ လျှံကျစီးဆင်းမှု မြင်တွေ့ရသည့်အပေါ် ဝမ်းမြောက်ဝမ်းသာဖြစ်ရခြင်းနှင့်အတူ အစီအရီ ဆက်စပ်ဖြစ်ပေါ်လာသော ဖြစ်စဉ် အကြောင်းအရာများကိုသာ ထင်ဟပ်စေလိုသော ဆန္ဒမွန်ဖြင့် အတိတ်နှင့်ပစ္စုပ္ပန် အတွေ့အကြုံများကို မျှဝေဖော်ပြခြင်းဖြစ်ပါသည်။ ဆည်/ရေဦးစီးဌာန၏ တာဝန်အရပ်ရပ်ကို လက်ရှိတာဝန်ရှိကြသူများနှင့် အနာဂတ်တွင် တာဝန်ယူကြရမည့် မျိုးဆက်များသည် စီမံကိန်းတည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းကဏ္ဍအသီးသီးတွင် မည်သည့်နေရာမှပင် ပါဝင်သည်ဖြစ်စေ မူလဦးတည်ချက်ဖြစ်သည့် နောက်ဆုံးရေအသုံးချသူများ၏

*စာမျက်နှာ ၁၁ သို့*

**❖ ဆည်/ရေ ဦးစီးဌာန၏ တာဝန်အရပ်ရပ်ကို လက်ရှိတာဝန်ရှိကြသူများနှင့် အနာဂတ်တွင် တာဝန်ယူကြရမည့် မျိုးဆက်များသည် စီမံကိန်းတည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းကဏ္ဍအသီးသီးတွင် မည်သည့်နေရာမှပင် ပါဝင်သည်ဖြစ်စေ မူလဦးတည်ချက်ဖြစ်သည့် နောက်ဆုံးရေအသုံးချသူများ၏ လိုအပ်ချက်ပြီးပြည့်စုံစွာ ဖြည့်ဆည်းပေးနိုင်မှသာလျှင် ရည်မှန်းချက်ပန်းတိုင် အောင်မြင်ပေါက်ရောက်မည်မှာ မလွဲမသွေဖြစ်**

# မြေယာများကို ရသင့်ရထိုက်သူများ လက်ဝယ်ရရှိအောင်ဆောင်ရွက်ပေးရန်နှင့် လွဲမှားစွာအသုံးပြုနေသူများရှိပါက စိစစ်ကြပ်မတ်ဆောင်ရွက်

**ထားဝယ် နိုဝင်ဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် တိုင်းရင်းသားများအတွက် ဆန်၊ ဆီ များပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းရင်းသားများအတွက် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်နှင့်ဆီ ပေးအပ်ရခြင်းနှင့် တိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်သော ကရင်၊ မွန်၊ ထားဝယ်၊ ဆလုံ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းဒေသကြီးအတွင်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ တိုင်းရင်းသားများအတွက် ဆန်အိတ် ၂၃၀ နှင့် ဆီပိဿာ ၆၀၀ ကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်ကြရာ တိုင်းရင်းသားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီ (၁၀/၂၀၂၅)ကြိမ်မြောက်နှင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့(၁၀/၂၀၂၅)ကြိမ်မြောက် ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။



အစည်းအဝေးတွင် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လျှောက်ထားသူများတွင် အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်နေသူများ အသုံးပြုခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် လုပ်ပိုင်ခွင့်ပေးထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင်လည်း လုပ်ကိုင်ဆောင်ရွက်မှုများ မရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ သေချာစွာ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြေယာများကို ရသင့်ရထိုက်သူများ လက်ဝယ်ရရှိအောင် ဆောင်ရွက်ပေးရန်နှင့် လွဲမှားစွာ အသုံးပြုနေသူများရှိပါက သက်ဆိုင်ရာ တာဝန်ရှိသူများက စိစစ်ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး မြေစာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ကော်မတီအဖွဲ့ဝင်များက ဖြည့်စွက်ရှင်းလင်း ဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# သီပေါမြို့ကို မူလအခြေအနေ အတိုင်းဖြစ်အောင် ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလို

**သီပေါ နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက သီပေါမြို့နယ်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က သီပေါမြို့ကို မူလအခြေအနေ အတိုင်းဖြစ်အောင် ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းပြောကြားပြီး ဒေသခံပြည်သူများအား အခြေခံစားသောက်ကုန်များ ပေးအပ်သည်။



ထို့နောက် သီပေါမြို့စည်ပင်သာယာရေးဌာနရုံး၌ ပြည်နယ်ဝန်ကြီးချုပ်သည် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူသုံးကုန်ပစ္စည်းများ ရရှိရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းနှင့် ကနဦးဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဦးစားပေး ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် သီပေါပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများကို အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်၍ ဆေးရုံအတွင်း ရွှေ့လျားခွဲစိတ်ခန်းနှင့် ကလေးများအား ကာကွယ်ဆေးထိုးနှံနေမှုကို ကြည့်ရှုအားပေးကာ ဆေးရုံမှ ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ သီပေါမြို့ ကုန်းတော်ဘုန်းတော်ကြီးကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှု(**အပေါ်ပုံ**)နှင့် သီပေါမြို့ ပန်းတိမ်မြောက်ရပ်ကွက် မီးသတ်ဦးစီးဌာနရှိ မီးသတ်တပ်ဖွဲ့ဝင်များက တွေ့ဆုံအားပေးစကားပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် မြို့လယ်ရွှေစေတီကျောင်းရှိ ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် သီပေါမြို့ ဇာတ်စုရပ်ကွက်ရှိ မြို့မရဲစခန်း၌ ရဲတပ်ဖွဲ့ဝင်များအား ချီးမြှင့်ငွေများ ပေးအပ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့ကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများကို အားပေးစကားပြောကြားကာ ချီးမြှင့်ငွေ ပေးအပ်သည်။

ဆက်လက်၍ သီပေါမြို့ တောင်မြို့ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ စာသင်ကြားနေမှု၊ ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံနေမှုနှင့် ကျောင်းစာကြည့်တိုက်တွင် စာပေဖတ်မှတ်လေ့လာနေမှုတို့ကို ကြည့်ရှုအားပေးပြီး စာကြည့်တိုက်အတွက် အလှူငွေနှင့် ဆရာ ဆရာမများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ဘော်ကြိုကျေးရွာအုပ်စုရှိ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုမုဋ္ဌောစေတီတော်ကို ဖူးမြော်ကြည်ညိုပြီး စေတီတော်ဘက်စုံမွမ်းမံပြုပြင်ရန် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ဘင်္ဂလား ပင်လယ်အော် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*

လိုအပ်ချက်ပြီး ပြည့်စုံစွာ ဖြည့်ဆည်းပေးနိုင်မှ သာလျှင် ရည်မှန်းချက်ပန်းတိုင် အောင်မြင်ပေါက်ရောက်မည်မှာ မလွဲမသွေဖြစ်ပါသည်။

ကြက်မောက်တောင် ဆည်မြောင်းစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်တိုက်လိုက်ပါလျက် စီမံကိန်းသစ်များဆိုင်ရာ တည်ဆောက်ရေးရုံး၊ ခုနစ်ရုံးကို တာဝန်ခံညွှန်ကြားရေးမှူးများဖြင့် တိုးချဲ့ဖွဲ့စည်းပုံ ခွင့်ပြုချက်ရရှိခဲ့ခြင်းဖြစ်ပါသည်။ ပြောင်းပြာစီမံကိန်း (မြင်းခြံ၊ တောင်မန်းတူးမြောင်းစီမံကိန်း (မင်းဘူး)၊ ရေဆင်းစီမံကိန်း (ပျဉ်းမနား)၊ ဟိုပုန်းချိုင့်ဝှမ်းစီမံကိန်း (တောင်ကြီး)၊ အောက်မြန်မာပြည် လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်း (ရန်ကုန်၊ မြောက်နဝင်းစီမံကိန်း(၁)နှင့်(၂)၊ ပြည်မြို့)တို့ ဖြစ်ကြပြီး ၁၉၆၇ ခုနှစ် ဒီဇင်ဘာလမတိုင်မီတွင် ဝန်ထမ်းအင်အားအပြည့်အစုံနှင့်အတူ တစ်ပြိုင်တည်း ဖွင့်လှစ်နိုင်ခဲ့ကြပါသည်။ ကြက်မောက်တောင် ဆည်မြောင်းစီမံကိန်း အောင်မြင်မှုအတွက် **“ချီးမြှင့်ဆု”** ဟု ဆိုရပါမည်။

ကြက်မောက်တောင် ဆည်မြောင်းစီမံကိန်း၏ အစနှင့် အဆုံးပါ ကောင်းခဲ့သည့် အကျိုးဆက်များအဖြစ် ဆည်မြောင်းဌာန (ယခုဆည်/ ရေဦးစီးဌာန) ၏ ဂုဏ်အရှိန်ကို ဆက်လက်ထိန်းသိမ်းသွားကြရမည်ဖြစ်ပါသည်။

စီမံကိန်းစတင်သည်မှ ပြီးဆုံးသည်အထိ စွမ်းစွမ်းတမံ ဦးဆောင်တာဝန်ထမ်းဆောင်ခဲ့ကြသော ကွယ်လွန်သွားကြပြီဖြစ်သည့် အမှုဆောင်အင်ဂျင်နီယာ(၁) ဦးခင်မောင်လှ (အငြိမ်းစားညွှန်ကြားရေးမှူးချုပ်)၊ အမှုဆောင်အင်ဂျင်နီယာ(၂) ဦးစောဖော်တာလူး (အငြိမ်းစားညွှန်ကြားရေးမှူးချုပ်)တို့အား ဤဆောင်းပါးဖြင့် ဂုဏ်ပြုအပ်ပါသည်။

၁၉၅၄-၁၉၅၅ ခုနှစ်များဝန်းကျင် စာရေးသူသင်ကြားခဲ့ရသော အင်္ဂလိပ်ဘာသာ ပြဋ္ဌာန်းစာအုပ် “Golden Gate”တွင် ကဗျာဆရာ (Willian B.Yeats ဟု ယူဆ)၏ ကြိုကြိုကြားကြား တသွင်သွင်စီးဆင်းနေသော စမ်းချောင်းငယ်ဘေး ထိုင်ငေးစိတ်ကူးယဉ်ခံစားနေရင်းရေးသားခဲ့သောကောက်နုတ်စာပိုဒ်ငယ်ကို ပြန်ပြောင်းသတိရမိလာပါသည်။ ကန်ရေပြည့် ရေပြင်ကျယ်ကြီးအား အတွေးနယ်ချဲ့ ကြည့်ရှုနေစဉ် ထာဝရရှင်သန်လန်းဆန်းနေမည့် ကြက်မောက်တောင်ဆည်က မိမိအား ပြုံးပြနှုတ်ဆက်နေဟန်ကို နားလည်မိပါတော့သည်။

ကဗျာစာပိုဒ်လေးက –

“ Men may come and Men may go,

but I go on forever ”

**မှီငြမ်းကိုးကား** –

- ကြက်မောက်တောင်ဆည် ကမ္ပည်းကျောက်စာ (၁၉၆၅-၁၉၆၆)
- ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန၏ ရေဝင်ရောက်မှု၊ စိုက်ပျိုးရေပေးဝေမှုနှင့် ရေပိုလွှဲမှ ရေကျော်ကျစီးဆင်းမှုများနှင့် ဆက်စပ်အစီရင်ခံစာ မှတ်တမ်းများ

# သားအိမ်ခေါင်းကင်ဆာရောဂါသည် ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသမီးများတွင် စတုတ္ထမြောက်အဖြစ်အများဆုံး ကင်ဆာဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV) ထိုးနှံခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် Horizon Lake View ဟိုတယ်၌ ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးနှင့် ရောဂါနှိမ်နင်းရေးတပ်နှင့် အမှတ်(၂) တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံတို့မှ တာဝန်ရှိသူများ၊ နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲမှ တာဝန်ရှိသူများ၊ EPI Focal များ၊ WHO နှင့် UNICEF တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သားအိမ်ခေါင်းကင်ဆာရောဂါသည် ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသမီးများတွင် စတုတ္ထမြောက်အဖြစ်အများဆုံး ကင်ဆာဖြစ်ပြီး အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်သော အမျိုးသမီးများတွင် တတိယမြောက် အဖြစ်အများဆုံးကင်ဆာဖြစ်ကြောင်း၊ သားအိမ်ခေါင်းကင်ဆာ ရောဂါအားလုံးအနက် ၇၀ ရာခိုင်နှုန်းသည် HPV ပိုးအမျိုးအစား (၁၆)နှင့် (၁၈) ကူးစက်ခံရခြင်းကြောင့်ဖြစ်ပြီး မြန်မာနိုင်ငံတွင် လက်ရှိထိုးနှံလျက်ရှိသည့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးတွင် HPV ပိုး အမျိုးအစားလေးမျိုးဖြစ်သည့် (၆)၊ (၁၁)၊ (၁၆)၊ (၁၈)တို့ကို ကာကွယ်နိုင်သော ကာကွယ်ဆေးဖြစ်သည့်အတွက် အဆိုပါသားအိမ်ခေါင်းကင်ဆာရောဂါဖြစ်ပွားမှု အများဆုံးဖြစ်စေသည့် ပိုးအမျိုးအစား(၁၆)နှင့်(၁၈)ကူးစက်ခံရခြင်းမှ ၉၅ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်မည့်အပြင် ပိုးအမျိုးအစား (၆)နှင့်(၁၁)ကိုပါ ကာကွယ်ပေးနိုင်မည်ဖြစ်၍ ကြွက်နို့ဖြစ်ပွားခြင်းကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲအနေဖြင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ကျောင်းအခြေပြုကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းအနေဖြင့် ကာကွယ်ဆေးလွှမ်းခြုံမှု ၉၀ ရာခိုင်နှုန်းရရှိသည်အထိ အောင်မြင်ခဲ့ပြီး ကျောင်းပြင်ပ မိန်းကလေးငယ်များကို ဆက်လက်ထိုးနှံရေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ ယခုအစည်းအဝေးကို ဆောင်ရွက်ပြီး ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလဆန်းမှစတင်၍ ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို အသက် ကိုးနှစ်မှ ၁၁ နှစ်အတွင်းရှိ ကျောင်းပြင်ပမိန်းကလေးငယ်များကို အရှိန်အဟုန်မြှင့် ဆက်လက်ထိုးနှံနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းမှ ရရှိသည့် အတွေ့အကြုံ၊ အခွင့်အလမ်းများကိုအသုံးချပြီး လာမည့် ၂၀၂၆ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလများတွင် အသက် ကိုးနှစ်မှ ၁၈ နှစ်အရွယ်အထိ မိန်းကလေးငယ်များကို အသက်အပိုင်းအခြားတိုးမြှင့်၍ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံခြင်း (HPV MAC–HPV Multi– Age Cohorts Vaccination)ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လက်ရှိထိုးနှံပေးလျက်ရှိသည့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးများကို ကမ္ဘာ့ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်း (GAVI Alliance for Vaccines and Immunization–GAVI)မှ ပံ့ပိုးပေးလျက်ရှိပြီး နိုင်ငံတော်မှလည်း GAVI အဖွဲ့နှင့် အချိုးကျထည့်ဝင်၍ (Co–financing) အစီအစဉ်ဖြင့် ဝယ်ယူကာ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံထားပါက အသက် ၁၃ နှစ်မှ ၁၉ နှစ်အတွင်းရှိသည့် မိန်းကလေးများတွင် ကင်ဆာဖြစ်စေသည့် သားအိမ်ခေါင်းကင်ဆာ ဗိုင်းရပ်စ်ပိုး ကူးစက်မှုနှုန်း ၈၃ ရာခိုင်နှုန်း လျော့ချနိုင်မည်ဖြစ်ပြီး အသက် ၁၅ နှစ်မှ ၁၉ နှစ်အရွယ် မိန်းကလေးများတွင် အဖြစ်များသည့် ကနဦးကင်ဆာဖြစ်ပွားမှုနှုန်းကို ၃၁ ရာခိုင်နှုန်းထိ လျော့ချနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ဆက်လက်ကျင်းပ

**ဘားအံ နိုဝင်ဘာ ၁၀**

နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို ဘားအံမြို့ သီရိကွင်း၌ စည်ကား သိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယမန်နေ့ညပိုင်းက ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအကပြိုင်ပွဲ ပဋ္ဌမမြောက်ည ယှဉ်ပြိုင်မှုအနေဖြင့် ဆန်ခါတင်ဒုံးအဖွဲ့ ၁၀ ဖွဲ့က မြူးကြွသွက်လက်မြိုင်ဆိုင်စွာ ဆက်လက်ယှဉ်ပြိုင် ကပြဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ တိုင်းရင်းသား ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြပြီး**(ယာပုံ)** ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။





အဆိုပါ ဒုံးအကပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဒုံးအဖွဲ့ ၂၀ က နိုဝင်ဘာ ၅ ရက်မှစ၍ ညစဉ်ယှဉ်ပြိုင်ခဲ့ကြပြီး အကောင်းဆုံး ဆန်ခါတင် ၁၀ ဖွဲ့ကို ရွေးချယ်ကာ ဆက်လက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ထို့အတူ နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ဘားအံမြို့သီရိကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဌာနဆိုင်ရာများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာပြခန်းများ၊ အခြေခံပညာနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ် ပြခန်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများ၏ ပြခန်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများ၏ ဒေသထုတ်ကုန် (MSME) အရောင်းပြခန်းများ၊ ဒေသအစားအစာနှင့် မုန့်ဈေးရောင်းပွဲများ၊ စင်တင်တေးဂီတဖျော်ဖြေပွဲများ၊ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများနှင့် အားကစားပြိုင်ပွဲများသို့ ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ ငွေကျပ်သန်း၂၀ လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၀**

နေပြည်တော်ရှိ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ၌ နားခိုလျက်ရှိကြသည့် တပ်မတော်သား အငြိမ်းစားများနှင့် မိသားစုဝင်ဘိုးဘွားများအတွက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုအမှုဆောင်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာသို့ သွားရောက်၍ ငွေကျပ်သန်း၂၀ ပေးအပ်လှူဒါန်းကြသည်။



ထိုသို့လှူဒါန်းရာတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်(ငြိမ်း)က တပ်မတော်သားဖြစ်ခဲ့သူ တစ်ဦးအနေဖြင့် သက်ကြီးရွယ်အို စစ်မှုထမ်းဟောင်းများအား ယခုကဲ့သို့ စောင့်ရှောက်နေသည့် မွန်မြတ်လှသော ပရဟိတလုပ်ငန်းကြီး ဖြစ်တည်လာရခြင်းကို အလွန်ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် စွန့်လွှတ်စွန့်စားသူများ၏ ကွန်းခိုရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ အစွန့်ရှည်တည်မြဲရေးအတွက် နှစ်စဉ်လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လှူဒါန်းငွေများကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ် သိန်းထွန်း(ငြိမ်း)ထံသို့ ပေးအပ်လှူဒါန်းရာ**(အပေါ်ပုံ)** တာဝန်ရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Leapmotor C16 နှင့် MG S5 (ES5) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Amazing Auto Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ၊ Myanmar New Energy Motor (MNEM) Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng Venucia (VX6) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Essential Motors Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD ATTO 2 EV အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Fara Myanmar EV Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ3X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Asia Pacific Automaker Corporation Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng (Aeolus) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် နိုဝင်ဘာ ၈ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့် အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုး၊ မြေ၊ ရေ၊ နည်း ပြည့်စုံကောင်းမွန်စေရေး အသိပညာပေး ဆွေးနွေးပြောကြား



**ပဲခူး နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့နယ်အတွင်း ရေကြီးရေနက်ကွင်းများ လျှော့ချနိုင်ရေးနှင့် ရေတော်မိုးတော်စိုက်ဧကများ တိုးတက်လာစေရေး ရှမ်းရွာကြီးကျေးရွာနှင့် ပေပင်ချောင်ကျေးရွာအကြား၌ ဖြတ်သန်းစီးဆင်းလျက်ရှိသော ရှမ်းရွာကြီးချောင်းနှင့် မောင်မခေါ်ချောင်းတို့ကို ရေကြောင်းရှင်းလင်းခြင်း ဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

**အသိပညာပေး ဆွေးနွေး**

ထို့နောက် ရှမ်းရွာကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုး၊ မြေ၊ ရေ၊ နည်း ပြည့်စုံကောင်းမွန်စေရေး အသိပညာပေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပဲခူးမြို့နယ် မယင်းကျေးရွာအုပ်စု၌ ဥဿာစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းအသင်း၏ ဒေသကြက်ကောင်ရေ ၃၅၀၀ နှင့် အသားတိုးကြက်ကောင်ရေ ၂၀၀၀ မွေးမြူထားရှိမှု၊ ပျဉ်ပုံကြီးဈေးပြန်လည်အဆင့်မြှင့်တင် ဆောင်ရွက်နေမှုနှင့် ပျဉ်ပုံကြီးကျေးရွာအုပ်စု၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဥစားဘဲကောင်ရေ ၃၀၀၀ အောင်မြင်စွာမွေးမြူထားရှိမှုတို့ကိုလည်းကောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ပျဉ်ပုံကြီး)နှင့် ပျဉ်ပုံရွာသစ်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လုပ်ငန်းအမျိုးအစားအလိုက် လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပျဉ်ပုံကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ဒေသခံပြည်သူများနှင့်လည်းကောင်း၊ ရွာသစ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ပြည်ပဈေးကွက်ဝင်တန်းမြင့်ဆန်ဖြစ်သော ဒေသနှင့်ကိုက်ညီသည့် ပေါ်ဆန်းစပါးမျိုးများ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးထွက်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်စေရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပဲခူးမြို့နယ် ကလိကျေးရွာ အရှေ့-အနောက် မြို့ရှောင်လမ်းဆုံ၌ အဝေးပြေးနှင့် မြို့တွင်းယာဉ်ရပ်နားဝင်းကို လှည့်လည်ကြည့်ရှုပြီး မြို့တွင်း၌ အခြေပြုသည့်ယာဉ်လိုင်းများ အမြန်ဆုံးပြောင်းရွှေ့စေရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# အခွန်ထမ်းပြည်သူများအနေဖြင့် မိမိတို့ပေးဆောင်ရမည့်အခွန်ကို ကြည်ဖြူကျေနပ်စွာပေးဆောင်နိုင်ရေး အခွန်ပညာပေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ရန်လို

**ရန်ကုန် နိုဝင်ဘာ ၁၀**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးရှိ တာဝန်ရှိသူများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများနှင့် တွေ့ဆုံသည်။(ယာပုံ)



တွေ့ဆုံစဉ်နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ ရရှိစေရေး တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကောက်ခံဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အခွန်ထမ်းပြည်သူများအနေဖြင့်လည်း မိမိတို့ပေးဆောင်ရမည့် အခွန်ကို ကြည်ဖြူကျေနပ်စွာ ပေးဆောင်နိုင်ရေး အခွန်ပညာပေး လုပ်ငန်းများ ပိုမိုဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများ၏ လုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့နှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးအတွင်း အခွန်အရပ်ရပ် ကောက်ခံမှုဆိုင်ရာ လုပ်ငန်းစဉ်များကို အသေးစိတ်ဆွေးနွေးကာ အခွန်နှုန်းထားကို မတိုးမြှင့်ဘဲ အခွန်အခြေကို ချဲ့ထွင်ခြင်းနှင့် အခွန်လွတ်ကင်းမှုများ မဖြစ်ပေါ်စေရေး ဆောင်ရွက်မည့် အစီအစဉ်များကို အလေးထားဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အတူ ဗိုလ်တထောင်မြို့နယ် ၄၇ လမ်းရှိ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး(၂) ပြောင်းရွှေ့ဖွင့်လှစ်မည့် အဆောက်အအုံအကြီးစားပြင်ဆင်နေမှု အခြေအနေများကို သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၊ စာရေးဝန်ထမ်း အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး(၁)၊ သင်တန်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူ ၈၀ တက်ရောက်ကြပြီး ဒုတိယဝန်ကြီးက သင်တန်းဖွင့် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# “လှပသာယာပြည်မြန်မာ”ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၁၀**

၂၀၂၆ ခုနှစ်၊ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် “လှပသာယာပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဩဂုတ် ၁၅ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ဖိတ်ခေါ်ခဲ့သည်။

ပြိုင်ပွဲတွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည့် လွတ်လပ်ရေး၏ အနှစ်သာရကို ဖော်ကျူးရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲသို့ ပြိုင်ပွဲဝင် (၁၄၅) ဦးက ဓာတ်ပုံပေါင်း (၄၈၀)ကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး နိုဝင်ဘာ ၈ ရက်တွင် ဓာတ်ပုံပညာရှင်များက ဆုများစိစစ်ရွေးချယ်ခဲ့ရာ ပထမဆု ဦးစိုးမိုးအောင်၊ ဒုတိယဆု ကျော်နိုင်လင်း(လရိပ်ပြာ)၊ တတိယဆု မျိုးမင်းထိုက် (The Eagle)တို့က ရရှိခဲ့ကြသည်။

အထူးဆုများအဖြစ် ထက်သူ(ရွှေကျောင်းကြီး)၊ ဦးမြင့်မော်ထွန်း၊ အောင်ကျော်ထွန်း(ပံသုကူ)၊ ဦးချမ်းသာ(MDY)နှင့် မင်းမင်းထွန်းတို့က ရရှိခဲ့ကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်အား ထပ်မံအသိပေး အကြောင်းကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၉ ရက်က ရွှေဘိုစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံများကို ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မြတ်တိုး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးစဉ်။**

ခရိုင်(ပြန်/ဆက်)

# နာဂဒေသ နန်းယွန်းမြို့၌ မျိုးစေ့၊ ပျိုးပင်ပေးအပ်ပွဲနှင့် တောင်သူပညာပေးသင်တန်းဖွင့်

**နန်းယွန်း နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၂၅-၂၀၂၆ ခုနှစ် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးစီမံချက်ဖြင့် မျိုးစေ့၊ ပျိုးပင်များ ထောက်ပံ့ပေးအပ်ပွဲနှင့် သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်(၄) ဦးကေနုတ်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်က မျိုးစေ့ပျိုးပင်များ ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းသည်။ ယင်းနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး၊ ရဲမှူး ခင်မောင်ထွေးနှင့် တာဝန်ရှိသူများက ပျိုးပင်များ၊ မျိုးစေ့များကို မြို့ပေါ် သုံးရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ ပေးအပ်သည်။



အဆိုပါ သီးနှံမျိုးစေ့ ပျိုးပင် ထောက်ပံ့ပေးအပ်ရာတွင် မိုးစပါး ၃၅ တင်း၊ အစေ့ထုတ်ပြောင်း ၄၀ ကီလို၊ ဟင်းသီးဟင်းရွက်မျိုးစုံ အထုပ် ၃၀၀၀ နှင့် လက်ဖက်ပင် ၂၀၀၀၊ ထောပတ်ပင် ၅၀၀၊ ကော်ဖီပင် ၄၀၀၀၊ လိမ္မော်ပင် ၁၀၀ တို့ကို ထောက်ပံ့ပေးအပ်သည်။

အဆိုပါသင်တန်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအာကာတင်ဦး တက်ရောက်ကာ တောင်သူများအား အသိပညာပေး အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ဟန်ကမ်း(ပြန်/ဆက်)**

# ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းသို့ တိုင်ဖွန်းမုန်တိုင်း ဖန်ဝမ် ဝင်ရောက်တိုက်ခတ် လူပေါင်း တစ်သန်းကျော် ဘေးလွတ်ရာ ရွှေ့ပြောင်း

**မနီလာ နိုဝင်ဘာ ၁၀**

ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း ဖန်ဝမ်ကြောင့် ရေကြီးရေလျှံမှုနှင့် လေပြင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့ပြီး အနည်းဆုံး လူနှစ်ဦး သေဆုံးခဲ့ကြောင်း၊ ယခုအခါ တိုင်ဖွန်းမုန်တိုင်း ဖန်ဝမ်သည် တောင်တရုတ်ပင်လယ်ကို ဖြတ်၍ မြောက်-အနောက်မြောက်ဘက်သို့ ဦးတည်ရွေ့လျားလျက်ရှိကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။



အဆိုပါ တိုင်ဖွန်းမုန်တိုင်းသည် နိုဝင်ဘာ ၉ ရက် ညပိုင်းက နိုင်ငံမြောက်ပိုင်း လူဇုန်ကျွန်းပေါ်သို့ ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း၊ လူပေါင်း တစ်သန်းကျော် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း အဆိုပါသတင်း၌ ဆက်လက်ဖော်ပြသည်။ မုန်တိုင်းကြောင့် နေအိမ်နှင့် အခြားအဆောက်အအုံများ ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်ကလည်း တိုင်ဖွန်းမုန်တိုင်း ခန့်မေဂီ ဖိလစ်ပိုင်နိုင်ငံကို ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူပေါင်း ၂၀၀ ကျော် သေဆုံးခဲ့ကြောင်း အင်န်အိတ်ချ်ကေက ဖော်ပြသည်။ ထို့ပြင် လူပေါင်း တစ်ရာကျော် ပျောက်ဆုံးလျက်ရှိကြောင်း၊ အဆိုပါမုန်တိုင်းကြောင့် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း အထူးသဖြင့် စီဘူးပြည်နယ်၏နာမည်ကြီး အပန်းဖြေစခန်း နေရာအများအပြား ကြီးကြီးမားမား ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

မုန်တိုင်း ဖန်ဝမ် လမ်းကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ရေကြီးရေလျှံခြင်းနှင့် ရွှံ့မြေပြိုကျခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အတွက် သတိရှိကြရန် တာဝန်ရှိသူများက တိုက်တွန်းထားသည်။ **အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ ပြင်းအား ၆ ဒသမ ၂ အဆင့်ရှိ ငလျင်ထပ်မံလှုပ်ခတ်

**တိုကျို နိုဝင်ဘာ ၁၀**

ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း ဆန်ရီခုကမ်းရိုးတန်း၌ နိုဝင်ဘာ ၁၀ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၂၃ မိနစ်ခန့်က ပြင်းအား ၆ ဒသမ ၂ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီ (ဂျေအမ်အေ)က ထုတ်ပြန်ကြေညာသည်။

အဆိုပါ ငလျင်အနက်မှာ ၁၀ ကီလိုမီတာခန့်ရှိပြီး ပင်လယ်ရေ မျက်နှာပြင်ပြောင်းလဲမှုများ အနည်းငယ်ဖြစ်ပေါ်နိုင်သော်လည်း ငလျင်ကြောင့် ဆူနာမီအန္တရာယ်မရှိကြောင်း ဂျေအမ်အေက ပြောကြားသည်။

ဂျပန်နိုင်ငံ တိုဟိုခုဒေသတစ်ဝန်း နေရာအများအပြားတွင် ငလျင်စကေးအတိုင်းအတာ ၇ အထိရှိရာမှ အဆိုပါငလျင်မှာ အတိုင်းအတာ ၃ ရှိကြောင်း မှတ်တမ်းတင်ထားသည်။ လက်ရှိတွင် ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူနှင့် ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# နယူးဇီလန်နိုင်ငံ၏ ယူနက်စကိုစာရင်းဝင် တွန်ဂါရီရို အမျိုးသားပန်းခြံ မီးလောင်မှုဖြစ်ပွား

**ဝယ်လင်တန် နိုဝင်ဘာ ၁၀**

နယူးဇီလန်နိုင်ငံ တွန်ဂါရီရို အမျိုးသားပန်းခြံ၌ နိုဝင်ဘာ ၁၀ ရက်တွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားလျက်ရှိပြီး တောမီးလောင်ကျွမ်းမှုသည်တဖြည်းဖြည်း အရှိန်ရလာပြီး ဟက်တာ ၂၅၀၀ အထိ လောင်နိုင်ကြောင်း နယူးဇီလန် မီးနှင့် အရေးပေါ်ဌာနက သတင်းထုတ်ပြန်သည်။

နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် တွန်ဂါရီရိုအမျိုးသားပန်းခြံ၌ မြူခိုးများ ဖုံးလွှမ်းလျက်ရှိသည်။ ထိုသို့ဖုံးလွှမ်းလျက်ရှိသောကြောင့် မီးအကြီးအကျယ် လောင်မှုကို ထိုက်သင့်သလောက် တားဆီးပေးထားသည်။ မီးသတ်လေယာဉ်များလည်း မြင်ကွင်းမရှင်းသောကြောင့် မြေပြင်၌သာ ရပ်နားထားရသည်။

ဝယ်လင်တန်နှင့် ဟောကက်စ်ဘေးမြို့ရှိ မီးနှင့်အရေးပေါ်ဌာနမှ မီးသတ်သမားအဖွဲ့ ရှစ်ဖွဲ့ကို မီးလောင်မှုဖြစ်ပွားရာသို့ စေလွှတ်ထားသည်။ ထို့ပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ ခုနစ်ဖွဲ့နှင့် အနီးအနားရှိ မီးသတ်ဌာနများမှ မီးသတ်သမားများကိုလည်း ထပ်မံစေလွှတ်ထားကြောင်း သိရသည်။



ရာသီဥတု ကောင်းမွန်လာသည်နှင့် မီးသတ်ခြင်းဆောင်ရွက်နိုင်ရန် ရဟတ်ယာဉ် ၁၅ စင်း၊ မီးသတ်လေယာဉ် ငါးစင်းတို့ကိုလည်း အသင့်အနေအထား ပြင်ဆင်ထားကြောင်း နယူးဇီလန် မီးနှင့် အရေးပေါ်ဌာနမှ တာဝန်ရှိသူက ပြောသည်။

၁၈၈၇ ခုနှစ်က တည်ဆောက်ခဲ့သော တွန်ဂါရီရိုအမျိုးသားပန်းခြံသည် နယူးဇီလန်နိုင်ငံ၏ ပထမဆုံး အမျိုးသားပန်းခြံဖြစ်ပြီး ဟက်တာ ၈၀၀၀၀ ခန့် ကျယ်ဝန်းကြောင်း သိရသည်။ ထူးခြားသော သဘာဝတရားနှင့် ယဉ်ကျေးမှုတို့အတွက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာ တစ်ခုလည်းဖြစ်သည်။ **ဆင်ဟွာ**



# ဗီယက်နမ်နိုင်ငံက ၁၀ လအတွင်း ငရုတ်ကောင်း တန်ချိန် နှစ်သိန်းကျော် တင်ပို့

**ဟနွိုင်း နိုဝင်ဘာ ၁၀**

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ၁၀ လအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၉ ဘီလီယံတန်ဖိုးရှိ ငရုတ်ကောင်းတန်ချိန် ၂၀၆၄၀၀ ကျော် တင်ပို့ခဲ့ကြောင်း ဗီယက်နမ်ငရုတ်ကောင်းနှင့် ဟင်းခတ်အမွှေးအကြိုင်အသင်း၏ ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ်သတင်းအေဂျင်စီက နိုဝင်ဘာ ၁၀ ရက်တွင် ထုတ်ပြန်ထားသည်။

ယင်းကာလအတွင်း ဗီယက်နမ်၏ ပို့ကုန်ပမာဏမှာ ယမန်နှစ်ကထက် ၅ ဒသမ ၉ ရာခိုင်နှုန်းလျော့နည်းသွားသော်လည်း ပို့ကုန်တန်ဖိုးမှာ ၂၅ ဒသမ ၄ ရာခိုင်နှုန်း တိုးလာကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ငရုတ်ကောင်းနက်၏ ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၆၂၈ ဒေါ်လာနှင့် ငရုတ်ကောင်းဖြူတစ်တန်လျှင် ဒေါ်လာ ၈၆၈၃ ဒေါ်လာရှိရာ ပျမ်းမျှဈေးနှုန်းများမှာ ယမန်နှစ်အလားတူကာလကထက် ငရုတ်ကောင်းအနက် ၃၆ ဒသမ ၆ ရာခိုင်နှုန်းနှင့် ငရုတ်ကောင်းအဖြူ ၃၄ ဒသမ ၄ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ငရုတ်ကောင်းတန်ချိန် ၄၄၂၆၂ တန်ဖြင့် ဗီယက်နမ် ငရုတ်ကောင်း၏ အကြီးမားဆုံးဈေးကွက်အဖြစ် ရှိနေပြီး ယင်းနောက်တွင် အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နှင့် တရုတ်နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# နေ့စဉ် ကော်ဖီတစ်ခွက်သောက်သုံးခြင်းက နှလုံးခုန်နှုန်းမမှန်ခြင်းကို ကာကွယ်ပေးနိုင်ဟု လေ့လာမှုတစ်ရပ်ကဆို

**ကင်ဘာရာ နိုဝင်ဘာ ၁၀**

လေ့လာမှုတစ်ရပ်အရ နေ့စဉ်ကော်ဖီတစ်ခွက် သောက်သုံးခြင်းက နှလုံးစွမ်းဆောင်ရည်ကျဆင်းခြင်း၊ လေဖြတ်ခြင်းနှင့် ဆောလျင်စွာ သေဆုံးခြင်းတို့ ဖြစ်စေတတ်သော နှလုံးခုန်နှုန်းစည်းချက် မမှန်ခြင်း (အေအက်ဖ်)ကို ကာကွယ်ပေးနိုင်ကြောင်း ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။

ဩစတြေးလျနိုင်ငံရှိ အက်ဒဲလိတ်တက္ကသိုလ်နှင့် အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့ရှိ ကယ်လီဖိုးနီးယားတက္ကသိုလ်တို့၏ နိုဝင်ဘာ ၁၀ ရက် ထုတ်ပြန်ချက်တွင် သုတေသီများသည် နှလုံးကျန်းမာရေးအတွက် အံ့အားသင့်စရာကောင်းသည့် မဟာမိတ်တစ်ခုကို ကော်ဖီထဲတွင် ရှာဖွေတွေ့ခဲ့ကြကြောင်း ဖော်ပြထားသည်။

ကော်ဖီနှင့် အေအက်ဖ်ကြား ဆက်စပ်မှုကို လေ့လာသည့် ပထမဆုံးသော ကျပန်းရွေးချယ်စမ်းသပ်မှုတွင် တစ်နေ့လျှင် အနည်းဆုံး ကော်ဖီ တစ်ခွက် သို့မဟုတ် အိတ်စ်ပရက်ဆို သောက်သုံးသော အေအက်ဖ်လူနာများမှာ ကဖိန်းဓာတ်ကို လုံးဝရှောင်ကြဉ်သောသူများထက် အေအက်ဖ်ထပ်မံဖြစ်ပွားသည့် အန္တရာယ်ကို ၃၉ ရာခိုင်နှုန်း လျှော့ချပေးနိုင်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့ပြင် ဩစတြေးလျ၊ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့မှ အေအက်ဖ်လူနာ ၂၀၀ ကို ခြောက်လကြာ လေ့လာစမ်းသပ်မှုပြုလုပ်ခဲ့ကြောင်းလည်း ဖော်ပြထားသည်။

ကော်ဖီသည် ကိုယ်လက်လှုပ်ရှားမှုကို မြှင့်တင်ပေးပြီး အေအက်ဖ်ကို လျှော့ချနိုင်ကြောင်း၊ ထို့ပြင် ကဖိန်းဓာတ်သည် ဆီးရွှင်စေပြီး သွေးပေါင်ချိန်ကို လျှော့ကျနိုင်ကြောင်း ဆန်ဖရန်စစ္စကိုမြို့ရှိ ကယ်လီဖိုးနီးယားတက္ကသိုလ် နှလုံးအထူးကုဌာနမှ ပါမောက္ခဖြစ်သူ ဂရက်ဂိုရီ မားကပ်စ်က ပြောသည်။



ကော်ဖီထဲတွင်ပါသည့် အခြားပါဝင်ပစ္စည်းများက ရောင်ရမ်းခြင်းကို တိုက်ဖျက်နိုင်သော အာနိသင်များရှိကြောင်းနှင့် လေ့လာမှုက လူနာများအားပေးသော ဆေးဘက်ဆိုင်ရာ အကြံပေးချက်များကို ပြောင်းလဲသင့်ကြောင်း မားကပ်စ်က ပြောသည်။ **ဆင်ဟွာ**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**မန္တလေး နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Ms. Gwyn Lewis ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းများနှင့် လျောင်ဒဏ်သင့်ပြည်သူများအား လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပံ့ပိုးဆောင်ရွက်နေမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တတိယအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်သုံးစင်း ရန်ကုန်မြို့သို့ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရုရှားရေတပ် Pacific Fleet မှ ဖရီဂိတ်စစ်ရေယာဉ် Marshal Shaposhnikov ၊ ကော်ဗက်စစ်ရေယာဉ် Gremyashchiy နှင့် ထောက်ပံ့ရေးရေယာဉ် Boris Butoma တို့သည် မြန်မာနိုင်ငံသို့ တတိယအကြိမ် မြန်မာ – ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း ဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ရုရှားရေတပ်မှ ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Aleksei Anatolievich Kiiashko ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ဆောင်ရွက်သွားမည်**

အဆိုပါ စစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ရုရှားရေတပ် Pacific Fleet မှ Captain 1st Rank Ulyanenko Aleksey ဦးစီး၍ အရာရှိ၊ စစ်သည်များ လိုက်ပါလာပြီး ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိအထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ပြုလုပ်ခြင်းနှင့် ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်း (Harbour Phase) များ ပြုလုပ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၀**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ ရက်တွင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကွမ်ရိုက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအနီး၌ စိုက်ထူထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းဆိုင်းဘုတ်အား အဆိုပါကျေးရွာနေ ကျော်မြင့် (၆၅)နှစ်မှ ဖျက်ဆီးခဲ့သဖြင့် ကျော်မြင့်အား ချောင်းဆုံမြို့မရဲစခန်း၌ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၆(က)/၂၄(က) ဖြင့် အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၃၁ ရက်တွင် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ပေါင်းနားရပ်ကွက်နေ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်(၁) ဦးသက်ဝေထွန်းသည် စလင်းမြို့မှ ဆင်ဖြူကျွန်းမြို့သို့ ဆိုင်ကယ်ဖြင့်သွားစဉ် ဆုတ်လေဦးလမ်းဆုံအရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သဖြင့် အဆိုပါ PDF အမည်ခံအကြမ်းဖက်သမားများအား နိုဝင်ဘာ ၃ ရက်တွင် ဆင်ဖြူကျွန်းနယ်မြေရဲစခန်း (ပ)၁၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(ခ)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၄ ရက်တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရွေးကောက်ပွဲအကျိုးပြုပညာပေးဗီဒီယိုဖိုင်အား ဗောတ်လမ်းတိုနှင့် ပတ်သက်၍ ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် ဆန့်ကျင်လှုံ့ဆော်သည့် စာသားများရေးသားဖြန့်ဝေခဲ့သည့် “Daw Yamone Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပုလဲကျေးရွာနေ ယမုံဦး (၃၀)နှစ်အား သုံးခွမြို့မရဲစခန်း (ပ) ၁၃၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့် လည်းကောင်း။

ထို့ပြင် နိုဝင်ဘာ ၅ ရက်တွင် ကေအင်န်ယူ၊ ကရင်အမျိုးသားအစည်းအရုံး၊ ဒူးသထူခရိုင်မှ ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား တိုက်ဖျက်သွားရန် ကြေညာချက်ထုတ်ပြန်ခဲ့သဖြင့် ကေအင်န်ယူ၊ ကရင်အမျိုးသားအစည်းအရုံး၊ ဒူးသထူခရိုင်ဥက္ကဋ္ဌ ပဒိုစောမြင့်ပါ ၂၂ ဦးတို့အား သထုံမြို့နယ် သိမ်ဆိပ်နယ်မြေရဲစခန်း (ပ)၁၅၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(ခ)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၄ ရက်တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် ဆန့်ကျင်လှုံ့ဆော်သည့် စာသားများရေးသားဖြန့်ဝေခဲ့သူ “Khin Ma” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ ဒေါက်တာခင်မအား နိုဝင်ဘာ ၅ ရက်တွင် မရမ်းကုန်း မြို့မရဲစခန်း (ပ) ၁၆၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၆ ရက်တွင် “AAMIJ News” Facebook Page မှ Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်ခိုင်ဖြိုးပါတီမှ ဦးအောင်စိုးအား မဲဆွယ်စည်းရုံးခြင်းမပြုနိုင်စေရန် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေမည့် စာသားများအား နှောင့်ယှက်ရေးသား ဖြန့်ဝေခဲ့သဖြင့် “AAMIJ News” Facebook Page မှ တာဝန်ရှိသူများအား နိုဝင်ဘာ ၇ ရက်တွင် အလုံမြို့မရဲစခန်း(ပ)၂၆၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုင်းရယ်မြို့နယ်၌ မိုးစပါး စံကွက်ရိတ်သိမ်း

**မိုင်းရယ် နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ မိုးစပါး တစ်ဧက တင်း ၁၀၀ အထွက်နှုန်းရရှိရေး စံကွက်ရိတ်သိမ်းခြင်းကို ယနေ့နံနက်ပိုင်းက အမှတ် (၁) ရပ်ကွက် အကွက်အမှတ် (၉)၊ ဦးပိုင်အမှတ် (၁) တောင်သူဦးစိုင်းရွှေအောင်၏ လယ်မြေ၌ ပြုလုပ်သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်နိုင်၊ ဝန်ထမ်းများနှင့် တောင်သူများတက်ရောက်ကြပြီး ကောင်း၊ သင့်၊ ညံ့ စံကွက်(၃)ကွက် ရိတ်သိမ်းခဲ့ရာ အောင်နိုင်တိုးစပါးမျိုး တစ်ဧကလျှင် အစို ၁၂၄ ဒသမ ၆၁ တင်း၊ အခြောက် ၁၁၃ ဒသမ ၂၈ တင်း ထွက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒီမိုကရက်တစ်အင်အားစု လေဘာပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၀

**ဒီမိုကရက်တစ်အင်အားစု လေဘာပါတီ အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်မောင် က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



လေးစားအပ်ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်း မှီတင်းနေထိုင်ကြပါသော ရဟန်းရှင်လူ မိဘလုပ်သားပြည်သူ အပေါင်းတို့ ခင်ဗျာ။

ကျွန်တော်တို့ ဒီမိုကရက်တစ်အင်အားစု လေဘာပါတီ မန္တလေးတိုင်းဒေသကြီး အခြေစိုက်ပါတီမှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက်နေ့၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်ကတော့ ဒီမိုကရက်တစ်အင်အားစု လေဘာပါတီမှ အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်မောင် ဖြစ်ပါတယ်ဆိုတာ မိတ်ဆက်ပါရစေ။ ကျွန်တော်တို့ ပါတီအနေဖြင့် ပါတီ၏ရှေ့လုပ်ငန်းစဉ်၊ တိုင်းပြည်နှင့် လူမျိုးအပေါ် တာဝန်ဝတ္တရားအသီးသီးရှိ ကဏ္ဍအလိုက် ဖော်ဆောင်ပေးမည့်တာဝန်များကို တင်ပြဟောပြောသွားမှာ ဖြစ်ပါတယ်။

နံပါတ် (၁) အနေနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်း နေထိုင်သည့် ပြည်ထောင်စုသားတိုင်း လူမျိုး ကျား/မ နေထိုင်ရာ ဆင်းရဲချမ်းသာမရွေး နိုင်ငံရေးလွတ်လပ်ခွင့် အပြည့်အဝရရှိရေး ဖြစ်ပါတယ်။

နံပါတ် (၂) လူမှုရေးလွတ်လပ်ခွင့်နှင့် ဒီမိုကရေစီ လူ့အခွင့်အရေး တန်းတူညီမျှ ထွန်းကားစေရေးအား မြန်မာနိုင်ငံတွင် ထွန်းကားလာစေရန် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

နံပါတ် (၃) မြန်မာပြည်သူပြည်သားအားလုံးသည် ဥပဒေနှင့်အညီ လှုပ်ရှားမှုကဏ္ဍအသီးသီး ပါဝင်ဆောင်ရွက်နိုင်ရေး။

နံပါတ် (၄) ပါတီ၏လုပ်ငန်းစဉ်တိုင်း အဓိကဖော်ဆောင်နိုင်ရန် လိုအပ်သော ရန်ပုံငွေရရှိဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။

နံပါတ် (၅) ပါတီ၏ အဆင့်အားလုံးတွင် တိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးအားလုံး တန်းတူပါဝင်ဆောင်ရွက်ရေးကို တည်ဆောက်သွားမှာ ဖြစ်ပါတယ်။

နံပါတ် (၆) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သော လူမျိုးစုအချင်းချင်း လေးစားမှု၊ ယုံကြည်မှု ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရန် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နံပါတ် (၇) ဒီမိုကရက်တစ်အင်အားစု လေဘာပါတီ ပါတီဝင်များ၏ သစ္စာအဓိဋ္ဌာန်မှာ -

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တိုင်းရင်းသားပြည်သူများအပေါ် သစ္စာစောင့်သိပါမည်။

(၂) ပါတီဝင်အချင်းချင်း သစ္စာရှိပါမည်။

(၃) ပါတီ၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။

(၄) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထု၏အကျိုးစီးပွားကို အစဉ်အမြဲ ကာကွယ်စောင့်ရှောက်ပါမည်။ ပါတီ၏ သစ္စာ(၄)ချက်အား ဦးထိပ်ပန်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နံပါတ် (၈) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာတိုးတက်ရေးဖြစ်သည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ဒီမိုကရေစီအရေး၊ ငြိမ်းချမ်းရေး အချက်ကျသည့် လုပ်ငန်းစဉ်များကို အလေးအနက်ထား၍ အောင်မြင်ရန်တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ ကြိုးစားပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နံပါတ် (၉) မိမိတို့ နေထိုင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရှိ လူမျိုးစု (၁၃၅) မျိုးရှိတဲ့ တိုင်းရင်းသားများနှင့်အတူ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးသည် မိမိတို့၏ ပါတီတာဝန်အဖြစ် ခံယူအပ်ပါတယ်။

နံပါတ် (၁၀) ဒီမိုကရက်တစ်အင်အားစု လေဘာပါတီ ယုံကြည်သော ဒီမိုကရေစီစနစ်တွင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းဟူသော လောကပါလတရားများ ထွန်းကားကျင့်သုံးနိုင်ရေး၊ နိုင်ငံရေးလွတ်လပ်မှုနှင့် စီးပွားရေးလွတ်လပ်မှု၊ တရားစီရင်ရေးလွတ်လပ်မှု၊ လွတ်လပ်စွာဟောပြောစည်းရုံးနိုင်မှု စသည့် လွတ်လပ်မှုအခြေခံအခွင့်အရေးများကို ပြည်သူတို့ အပြည့်အဝခံစားနိုင်ကြစေရန်တို့ကို ကြိုးစားလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် -

လေးစားတန်ဖိုးထားရပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ရဟန်းရှင်လူမိဘလုပ်သားပြည်သူအပေါင်းတို့နှင့် ပါတီစုံဒီမိုကရေစီအောင်မြင်စေရန် ကြိုးစားအားထုတ်ကြသော ခေါင်းဆောင်ကြီးများအား ဒီမိုကရက်တစ်အင်အားစု လေဘာပါတီမှ ဘေးဘယာတွေ ဝေးကွာကြပြီး ချမ်းသာသုခနှစ်ဖြာ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းဆုပြုလျက်...

အားလုံးကို ကျေးဇူးအထူးတင်ပါတယ်။

# ဒဂုံတက္ကသိုလ် အဝေးသင်သင်တန်း (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် ပြောင်းလဲကြောင်း ကြေညာခြင်း

ဒဂုံတက္ကသိုလ်(အဝေးသင်သင်တန်း) ၂၀၂၄ ပညာသင်နှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ကျင်းပခဲ့သော ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ဖြင့် စာမေးပွဲအောင်မြင်၍ ဘွဲ့အသီးသီးရရှိပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအနက် အောက်ပါဘွဲ့ရရှိသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါအစီအစဉ်အတိုင်း ပြောင်းလဲတက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**၁။ (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၅-၁၂-၂၀၂၅ ရက်နေ့ (သောကြာနေ့)**

နံနက်ပိုင်း - နံနက်(၉:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ - မြန်မာစာ ၄မ-၁ မှ ၄မ-၄၀၀ အထိ၊ ဒဿနိကဗေဒ
သိပ္ပံဘွဲ့ - သင်္ချာ

ညနေပိုင်း-မွန်းလွဲ (၂:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ - မြန်မာစာ ၄မ-၄၀၁ မှ ၄မ-၈၅၂ အထိ၊ အရှေ့တိုင်းပညာ
သိပ္ပံဘွဲ့ - ရူပဗေဒ

(အစမ်းလေ့ကျင့်ရန် - ၄-၁၂-၂၀၂၅ ရက်နေ့ (ကြာသပတေးနေ့)၊ နံနက်ပိုင်း (၉:၀၀)နာရီ

**၂။ (၃၄)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ၆-၁၂-၂၀၂၅ (စနေနေ့)**

**နံနက်ပိုင်း - နံနက်(၉:၀၀)နာရီ**

ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ
သိပ္ပံဘွဲ့ - ဓာတုဗေဒ

ညနေပိုင်း-မွန်းလွဲ (၂:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ - ပထဝီဝင်
သိပ္ပံဘွဲ့ - သတ္တဗေဒ

(အစမ်းလေ့ကျင့်ရန် - ၄-၁၂-၂၀၂၅ ရက်နေ့ (ကြာသပတေးနေ့)၊ မွန်းလွဲပိုင်း (၁:၀၀)နာရီ

**၃။ (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၈-၁၂-၂၀၂၅ ရက်နေ့ (တနင်္လာနေ့)**

နံနက်ပိုင်း - နံနက်(၉:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ - သမိုင်း ၄သ-၁ မှ ၄သ-၅၀၀ အထိ
သိပ္ပံဘွဲ့ - ရုက္ခဗေဒ

ညနေပိုင်း-မွန်းလွဲ (၂:၀၀)နာရီ

ဥပဒေဘွဲ့ - ဥပဒေပညာ
ဝိဇ္ဇာဘွဲ့ - သမိုင်း ၄သ-၅၀၁ မှ ၄သ-၉၁၂ အထိ၊ စိတ်ပညာ

(အစမ်းလေ့ကျင့်ရန်- ၇-၁၂-၂၀၂၅ ရက်နေ့ (တနင်္ဂနွေနေ့)၊ နံနက်ပိုင်း (၉:၀၀)နာရီ

အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း (အမျိုးသား) ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၁-၁၂-၂၀၂၅ ရက်နေ့မှ ၃-၁၂-၂၀၂၅ ရက်နေ့ထိ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ထုတ်ပေးပါမည်။

၂၄-၁၀-၂၀၂၅ ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့၌ ထည့်သွင်းထားသော ဒဂုံတက္ကသိုလ်၊ အဝေးသင်သင်တန်း (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း ကြေညာချက်အား ဤကြေညာချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**သန်းစိုးဦး**
ဌာနမှူး၊ သင်တန်းရေးရာ
ဒဂုံတက္ကသိုလ်

## အိမ်ပြင်ပဌ္ဌထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၀

**မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီမှ တွဲဖက်အတွင်းရေးမှူး ဦးမောင်ဝင်းလှိုင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြော တင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



ချစ်ခင်လေးစားရပါသော မဲဆန္ဒရှင်ပြည်သူအပေါင်း ကျက်သရေ မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံခညောင်းပြီး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့အတူ လိုအင်ဆန္ဒအားလုံး တစ်လုံးတစ်ဝတည်း ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ၊ ဗဟိုအလုပ် အမှုဆောင်ကော်မတီ၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်ဝင်းလှိုင် ဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၁)မှာ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် မြို့တိုင်းရင်းသား ဖွံ့ဖြိုးရေးပါတီကိုယ်စားပြု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးလည်း ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား-**

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို စဉ်ဆက်မပြတ်ကျင်းပပြုလုပ်ပေးရမည့်တာဝန်မှာ နိုင်ငံတော်၏တာဝန်ဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် လွှတ်တော်အသီးသီး ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ လွှတ်တော်အသီးသီးမှ အစိုးရအဖွဲ့အဆင့်ဆင့်ကို မွေးဖွားပေးရမှာဖြစ်ပါတယ်။

အစိုးရအဖွဲ့အဆင့်ဆင့်သည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ စသော အာဏာ(၃)ရပ်ကို လက်ကိုင်ထားလျက် လွှတ်တော်နှင့် ထိန်းညှိပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရန်ဖြစ်ပါတယ်။ ဤကဲ့သို့ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တည်ဆောက်ရာတွင် တိုင်းရင်းသားလူမျိုးများနှင့် ဖွဲ့စည်းထားသော ပါတီများ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးကြီးပါကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ပါတီများ တည်ရှိနေမှသာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်အောင်မြင်မြင်ကျင်းပနိုင်မှာဖြစ်သလို ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရှိနေမှလည်း ပါတီများ ဝင်ရောက်ယှဉ်ပြိုင်ကြရမှာဖြစ်တဲ့အတွက် "ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ" အမှီသဟဲပြုနေကြတာ တွေ့ရမှာဖြစ်ပါတယ်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ ပြည်သူရွေးချယ်တင်မြှောက်ပေးသော လွှတ်တော်ကိုယ်စားလှယ်များမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပီသရန် လိုအပ်သလို အလုံးစုံပါဝင်ရန်လည်း လိုအပ်ပါတယ်။ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ လူငယ်ကိုယ်စားလှယ်များ၊ အမျိုးသမီးကိုယ်စားလှယ်များအပြင် တိုင်းရင်းသားလူနည်းစုကိုယ်စားလှယ်များ ပါဝင်ရန်လည်း အထူးလိုအပ်ပါသည်။

အသိပညာရှင်၊ အတတ်ပညာရှင်များ တိုင်းပြုပြည်ပြုဥပဒေပြုပေးနိုင်ရန်ဖြစ်သလို လူငယ်ကိုယ်စားလှယ်များ အနာဂတ်စွန့်ဦးတီထွင်လူငယ်အရေး၊ ထက်မြက်သောလူငယ်များ ပေါ်ထွန်းရေး အခန်းကဏ္ဍ မြှင့်တင်ပေးနိုင်ရန်ဖြစ်ပါတယ်။ အမျိုးသမီးတန်းတူရေးနှင့် အမျိုးသမီးထိပ်တန်း ခေါင်းဆောင်နေရာရရှိရေးအတွက် အမျိုးသမီးကိုယ်စားလှယ် တိုးမြှင့်ပါဝင်လာနိုင်ရန် လိုအပ်ပါတယ်။ အခြေခံကျသောလူ့အဖွဲ့အစည်းမှ အခြေခံကျသောဒေသများအတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး အကောင်အထည်ဖော်ခြင်း၊ တိမ်မြုပ်နေသော ရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာ၊ စာပေ၊ အနုပညာများထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း စသည့်ကဏ္ဍများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်မှာ တိုင်းရင်းသားလူနည်းစုကိုယ်စားလှယ်များသာ အဓိကအခန်းကဏ္ဍမှ ပါဝင်သင့်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်၌ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးတည်းနှင့် တိုင်းရင်းသားလူနည်းစု အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးကို ဖြေရှင်းရန် လက်လှမ်းမမီနိုင်ကြောင်းကို သတိပြုမိပါကြောင်း ထောက်ပြလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ ခင်ဗျား-**

ယခုအခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မဲပေးပုံစနစ်သစ်၊ ရွေးကောက်ပုံစနစ်သစ်များနှင့် စစ်မှန်ပြီးတရားမျှတသော အထွေထွေရွေးကောက်ပွဲကျင်းပပေးမည်ဟု ထုတ်ပြန်သည်ကို သိရှိပြီးဖြစ်ပါလိမ့်မယ်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲစနစ်ကို ယခင်ပုံစံအတိုင်း မဲအများဆုံးရသူအကုန်ယူစနစ်ဖြင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲစနစ်တွင် မဲအများဆုံးရသူ အကုန်ယူစနစ် (FPTP) နှင့် အချိုးကျကိုယ်စားပြုစနစ်(PR)ကို ယှဉ်တွဲကျင်းပပေးသွားမှာဖြစ်တဲ့အတွက် တိုင်းရင်းသားမျိုးနွယ်စုများ၏ အခန်းကဏ္ဍတစ်ဆစ်ချိုး မြင့်မားလာမည်ဟု မျှော်လင့်ရပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ ခင်ဗျား-**

မြို့တိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်အကျိုး၊ မိမိဒေသအကျိုး၊ မိမိတို့၏ရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာ၊ စာပေ၊ အနုပညာ ဆင်းသက်လာပုံသမိုင်း ထိန်းသိမ်းဖော်ထုတ်စာတမ်းပြုစုနိုင်ရေးကို ရည်ရွယ်၍ ၁၉၈၈ ခုနှစ်ကတည်းက "မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့(ပါတီ)" ကို တည်ထောင်လျှောက်ထားခဲ့ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာ(၂၂) ရက်နေ့ရက်စွဲဖြင့် တရားဝင်နိုင်ငံရေးပါတီတစ်ခုအဖြစ် အသိအမှတ်ပြုခဲ့ပါတယ်။ မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့(ပါတီ)ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(၇)ရက်နေ့တွင် "မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ" ဟု အမည်ပြောင်းလဲခဲ့ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ ပေါက်တောမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ဘူးသီးတောင် မြို့နယ်များကို ကိုယ်စားပြုသော ပါတီတစ်ပါတီအဖြစ် ရပ်တည်နေဆဲဖြစ်ပါတယ်။ ယခုအခါ ပါတီ သက်တမ်းမှာ (၃၇)နှစ် တိုင်ခဲ့ပြီဖြစ်ပါတယ်။



ဤပါတီသည် ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်အသီးသီး၌ ပါတီကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ကျောက်တော် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခံခဲ့ရပါတယ်။ ၁၉၉၂ ခုနှစ်၊ ဇွန်လတွင် သမ္မတအိမ်တော်ဝင်း(ရန်ကုန်)၌ ကျင်းပပြုလုပ်သော အမျိုးသားညီလာခံကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးတွင် ပါတီဥက္ကဋ္ဌ တက်ရောက်အကြံပြုနိုင်ခဲ့ပါတယ်။ ဤပါတီမှ ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပသည့် အမျိုးသားညီလာခံကြီးတွင် ပါတီကိုယ်စားပြု(၅)ဦး တက်ရောက်ခဲ့ပြီး ညီလာခံပြီးဆုံးသည့်တိုင် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်ခဲ့ပါတယ်။ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်ဖြတ်ရင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးလုပ်ငန်းများ၊ အေးချမ်းသာယာရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အားတက်သရော ပါဝင်ခဲ့ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ ခင်ဗျား-**

ဤပါတီအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၂၈)ရက်နေ့ ကျင်းပပြုလုပ်မည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် စစ်တွေမဲဆန္ဒနယ်မှ ပါတီကိုယ်စားပြု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်(၁)ဦး၊ ရခိုင်ပြည်နယ် မဲအများဆုံးရသူအကုန်ယူစနစ် (FPTP) စစ်တွေမဲဆန္ဒနယ်တွင် တစ်နေရာ၊ အချိုးကျ ကိုယ်စားပြုစနစ်(PR)တွင် (၂)နေရာ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ၏ ပါတီအမှတ်တံဆိပ်မှာ "ငှက်တော်" ငှက် ဖြစ်ပါတယ်။ "ငှက်တော်"ငှက်ကို ပါတီအမှတ်တံဆိပ်အဖြစ် ရွေးချယ်ရခြင်းမှာ မြို့တိုင်းရင်းသားများ၏ ရေးရိုးရာ ပုံပြင်အရ "ငှက်တော်" ငှက်သည် ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ ခေါင်းဆောင်မှုပေးနိုင်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ရိုးသားခြင်း၊ သစ္စာရှိခြင်း၊ သီလသိက္ခာသမာဓိနှင့် ပြည့်စုံခြင်းများကို ဖော်ညွှန်းပါတယ်။

မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ၏ဆောင်ပုဒ်မှာ"တိုင်းရင်းသားအားလုံးနှင့် ချစ်ခင်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်ရေး- ဒို့အရေး" ဖြစ်ပါတယ်။

ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်း အေးချမ်းစွာ "မဲ"ပေးနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချီ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ စာပဒေသာ၊ ပထမဆုရ **"အန်ကယ်ပညာ"** ရေးသားသည့် **"မေမေ့ဆံပင်နှင့်ဘဝလက်တစ်ကမ်းမှ စာတမ်းငယ်များ"** စာအုပ်ကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချီလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၀**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ မိဘပြည်သူများသို့ အသိပေးပြောကြားချက်

အားလုံးမင်္ဂလာပါခင်ဗျာ။ ဒီနေ့မှာတော့ ကျွန်တော်တို့နိုင်ငံမှာ မကြာမီကျင်းပတော့မယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး မိဘပြည်သူများကို အသိပေးပြောကြားလိုတာများကို အသိပေးပြောကြားသွားမှာဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရဲ့ ရွေးကောက်ပွဲအပိုင်း(၁) ကို အခုလာမယ့် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ စတင်ကျင်းပမှာဖြစ်ပါတယ်။ မိဘပြည်သူများလည်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ ဒီနေ့ဆိုရင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပဖို့ ရက်ပေါင်း ၄၈ ရက်သာ လိုတော့တာဖြစ်ပါတယ်။ ရွေးကောက်ပွဲ အပိုင်း (၂) ကိုလည်း ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီလိုပဲ ရွေးကောက်ပွဲအပိုင်း (၃) ကိုလည်း ရွေးကောက်ပွဲ အပိုင်း (၂)ရဲ့ နှစ်ပတ်ခြားအကြာမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး တချို့မလိုလားသူတွေက မိဘပြည်သူများ ထင်ယောင်ထင်မှားဖြစ်အောင် အမျိုးမျိုး ပြောဆိုနေကြတာတွေ၊သွေးထိုးလှုံ့ဆော်ပေးနေတာကိုလည်း တွေ့ရှိနေရပါတယ်။ ဒါတွေနဲ့ ပတ်သက်ပြီး ပြည်သူများအသိအမြင်ရှင်းလင်းစေဖို့အတွက် ကျွန်တော် ပြောကြားသွားမှာဖြစ်ပါတယ်။



ကျွန်တော်တို့ နိုင်ငံမှာ ကိုယ့်ထီးကိုယ်နန်းနဲ့ နေထိုင်ခဲ့ရပြီး ဘုရင်စနစ်ကို ကျင့်သုံးခဲ့တဲ့အတွက် ရွေးကောက်ပွဲဆိုတာ မရှိခဲ့ပါဘူး။ ဒါပေမယ့် ကိုလိုနီခေတ်မှာတော့ မြန်မာနိုင်ငံသားတွေရဲ့ နိုင်ငံရေးအသိအမြင် တိုးတက်ပြောင်းလဲလာမှုနဲ့အတူ နယ်ချဲ့အင်္ဂလိပ်အစိုးရဟာ အုပ်ချုပ်ရေးစနစ်တွေကို တိုးမြှင့်ပြောင်းလဲပေးခဲ့ရပါတယ်။ ၁၉၂၀ ပြည့်နှစ်မှာ ဂျီစီဘီအေအသင်းကြီး ပေါ်ပေါက်လာပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Home Rule) ကို တောင်းဆိုခဲ့ပါတယ်။ နယ်ချဲ့အင်္ဂလိပ်အစိုးရဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို တိုးမြှင့်မပေးဘဲ ဒိုင်အာခီ(Dyarchy)လို့ခေါ်တဲ့ နှစ်ဦးနှစ်ဖွဲ့အုပ်ချုပ်ရေးကို တိုးမြှင့်ဖော်ဆောင်ပေးခဲ့ပါတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်တဲ့အခါ ဥပဒေပြုကောင်စီအတွက် ရွေးကောက်ပွဲကို ၁၉၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့မှာ ကျင်းပပေးခဲ့ပါတယ်။ ဒီရွေးကောက်ပွဲဟာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပထမဆုံးသော ရွေးကောက်ပွဲ ဖြစ်တယ်ဆိုတာ သမိုင်းမှတ်တမ်းတွေအရ လေ့လာတွေ့ရှိရပါတယ်။

မြန်မာနိုင်ငံမှာကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတွေကို ပြန်ပြီး လေ့လာကြည့်ရင် ၁၉၂၂ ခုနှစ်ကနေ ၁၉၄၇ ခုနှစ်ထိ ရွေးကောက်ပွဲ ၆ ကြိမ်၊ ပါလီမန်ခေတ်(၁၉၄၈ ခုနှစ်ကနေ ၁၉၆၂ ခုနှစ်)မှာ ရွေးကောက်ပွဲ ၃ ကြိမ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် (၁၉၆၂ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်) မှာ ရွေးကောက်ပွဲ ၄ ကြိမ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (၁၉၈၈-၂၀၁၀)မှာ ရွေးကောက်ပွဲ ၁ ကြိမ်၊ ဒီမိုကရေစီခေတ် (၂၀၁၀ ကနေ ယနေ့အထိ) ရွေးကောက်ပွဲ ၆ ကြိမ်၊ အဲ့မှာတော့ ရွေးကောက်ပွဲ ၃ကြိမ်နဲ့ ကြားဖြတ် ရွေးကောက်ပွဲ ၃ကြိမ်တို့ ဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသားတွေဟာ ရွေးကောက်ပွဲ မဲရွေးချယ်မှုစနစ်နဲ့ မစိမ်းဘူး၊ နီးစပ်မှုရှိတာကို ပေါ်လွင်စေပါတယ်။ နိုင်ငံတော်အစိုးရတွေက ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပြီး ခေတ်အဆက်ဆက်က နိုင်ငံသားတွေကလည်း မိမိတို့ရဲ့ အခွင့်အရေးကို အမိအရ အသုံးချပြီး မဲပေးရွေးချယ်မှုတွေကို ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပြည်သူလူထု လိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့အညီ အကောင်အထည် ဖော်နေတာဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်အတွက် ပထမအကြိမ်ရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့မှာ ကျင်းပခဲ့ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှာ ပထမအကြိမ် လွှတ်တော်အစည်းအဝေးကို ကျင်းပနိုင်ခဲ့ပါတယ်။ ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုတော့ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပခဲ့တယ်။ ဒုတိယအကြိမ်လွှတ်တော်အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ကျင်းပခဲ့တာ ဖြစ်ပါတယ်။ တတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုတော့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပခဲ့ပါတယ်။ အဲ့ဒီရွေးကောက်ပွဲမှာ မဲမသမာမှုများစွာ ဖြစ်ပွားခဲ့ပါတယ်။ အဲဒီတုန်းက ရွေးကောက်ပွဲကော်မရှင်ရဲ့ တရားဝင်ထုတ်ပြန်ချက်အရ မဲပေးပိုင်ခွင့်ရှိသူဟာ ၃၈ သန်း ခန့်ရှိပါတယ်။ မဲမသမာမှုဖြစ်နိုင်ကြောင်းတွေ့ရှိခဲ့တဲ့ အရေအတွက်ကတော့ ၁၀.၄ သန်းခန့်ဖြစ်ပါတယ်။တစ်ထောင်လည်းမဟုတ်သလို တစ်သောင်းလည်းမဟုတ်ပါဘူး။ ဒီလိုပဲ တစ်သိန်းလည်းမဟုတ်သလို တစ်သန်းလည်းမဟုတ်ပါဘူး၊ ဆယ်သန်းကျော်ဖြစ်ပါတယ်။ ဒါဟာ မဲပေးပိုင်ခွင့်ရှိတဲ့သူတွေရဲ့ လေးပုံတစ်ပုံခန့် ဖြစ်ပါတယ်။ ဒီမဲမသမာမှုတွေအတွက် နိုင်ငံရေးပါတီတွေနဲ့တပ်မတော်ဟာ ပထမအဆင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ဥပဒေလုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဖြေရှင်းပေးဖို့ ပြောခဲ့ပါတယ်။ ဒါကိုငြင်းဆန်တဲ့အတွက် ဒုတိယအဆင့် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးခေါ်ပေးဖို့ နည်းစနစ်တကျ တောင်းဆိုတာကိုလည်း ထပ်မံငြင်းဆန်ခဲ့ပါတယ်။ တတိယအဆင့် အစိုးရ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တစ်ခုခုက နည်းလမ်းရှာဖြေရှင်းပေးဖို့ ထပ်မံတောင်းဆိုတော့လည်း ငြင်းဆန်ခဲ့ပါတယ်။ ဒီအဆင့်တွေအားလုံးပြီးတော့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ပေးဖို့ နှစ်ကြိမ်တိုင်တိုင် တောင်းဆိုခဲ့တာမှာလည်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်းမရှိပါဘူး။ ဒီလိုဖြေရှင်းမပေးဘဲ တတိယအကြိမ် လွှတ်တော်ခေါ်ယူကျင်းပပြီး အစိုးရဖွဲ့ဖို့ အတင်းအဓမ္မ ဆောင်ရွက်ခဲ့တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ တပ်မတော်က နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို ရယူခဲ့ရတာဖြစ်ပါတယ်။ ဒါတွေဘာကြောင့်ပြန်ပြောနေရသလဲဆိုတော့ ဒီဖြစ်စဉ်တွေမှာ ဘယ်သူတွေက ဥပဒေနဲ့အညီ တရားနည်းလမ်းတကျ တောင်းဆိုခဲ့တယ်၊ ဘယ်သူတွေက ဥပဒေကို လျစ်လျူရှုမျက်ကွယ်ပြုခဲ့သလဲဆိုတာကို သမိုင်းကျေစေချင်လို့ ပြန်လည်ပြောပေးရခြင်းဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေမှာ ကျွန်တော်ကိုယ်တိုင်လည်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့အနေနဲ့ သတင်းစာရှင်းလင်းပွဲတွေ အကြိမ်ကြိမ်ပြုလုပ်ခဲ့တယ်။ နိုင်ငံတကာမီဒီယာတွေရဲ့ ရှေ့မှာပဲ အထောက်အထားခိုင်လုံစွာနဲ့ ပြောပြခဲ့တယ်။ အထောက်အထားခိုင်လုံစွာနဲ့ သက်သေပြခဲ့ပြီးဖြစ်ပါတယ်။ မဲမသမာမှုဖြစ်ခဲ့တာကို တရားနည်းလမ်းတကျ ဖြေရှင်းမပေးဘဲ နိုင်ငံတော်အာဏာကို အဓမ္မနည်းနဲ့ ရယူဖို့ကြိုးစားခဲ့တဲ့ NLD အစိုးရနဲ့ သူတို့ဖွဲ့စည်းပေးထားတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ကသာ ပြည်သူလူထုတစ်ရပ်လုံးနဲ့ နိုင်ငံတော်ရဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် လျှောက်လှမ်းမှုကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခဲ့ခြင်းသာ ဖြစ်ပါတယ်။ ပြည်သူတွေလိုလားတောင့်တခဲ့တဲ့၊ ဒီလိုဖျက်ဆီးခံရတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျွန်တော်တို့က နည်းစနစ်ကျစွာ ပြန်လည်တည်ဆောက်ပေးနေခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ကျင့်သုံးတဲ့ ဒီမိုကရေစီစနစ်အရ မိမိကိုယ်စားဆောင်ရွက်မယ့် လွှတ်တော်ကိုယ်စားလှယ်တွေကိုပြည်သူလူထုက ရွေးကောက်တင်မြှောက်ပေးရတာ ဖြစ်ပါတယ်။ ယခုကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ မဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားတိုင်းကိုလည်း မဲပေးကြပါလို့ အလေးအနက်ထား တိုက်တွန်းပြောကြားလိုပါတယ်။ ဘာလို့လဲဆိုတော့ ရွေးကောက်ပွဲဆိုတာ ပြည်သူ့အသံကို နားထောင်၊ ပြည်သူတွေရဲ့ ကောင်းကျိုးဆန္ဒကို ဖြည့်ဆည်းပေးနိုင်တဲ့ အမြန်ဆုံးသော ယန္တရားစနစ်တစ်ခုဖြစ်ပါတယ်။ ကျွန်တော် ထပ်ပြောပါမယ်။ ရွေးကောက်ပွဲဆိုတာ ပြည်သူ့အသံကို နားထောင်၊ ပြည်သူတွေရဲ့ ကောင်းကျိုးဆန္ဒကို ဖြည့်ဆည်းပေးနိုင်တဲ့ အမြန်ဆုံးသော ယန္တရားစနစ်တစ်ခုဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲမှာ ပြည်သူလူထုအနေနဲ့ ကိုယ်နဲ့အမြင်တူတဲ့သူတွေ၊ ကိုယ်ဖြစ်လိုတဲ့ဆန္ဒကို ထပ်တူ သို့မဟုတ် အနီးစပ်ဆုံးဖြည့်ဆည်းပေးနိုင်တဲ့သူတွေ၊ နိုင်ငံတော်ရဲ့ အကျိုးစီးပွား၊ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ကိုယ်စားပြုဖော်ဆောင်ပေးနိုင်တဲ့သူတွေကို ကိုယ်တိုင်ရှာဖွေ ရွေးချယ်ခွင့် ရရှိမှာဖြစ်ပါတယ်။ ကိုယ်ရွေးချယ်ပေးလိုက်တဲ့ ရွေးကောက်ခံကိုယ်စားလှယ်ဟာ ကိုယ့်အပေါ်၊ ကိုယ့်ဒေသအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိနေစေဖို့ စောင့်ကြည့်ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ မဲပေးသူများလေလေ ရွေးကောက်ခံကိုယ်စားလှယ်တစ်ဦးဟာ ပိုပြီး တာဝန်ရှိလေလေ ဖြစ်ပါတယ်။ ကိုယ်ဖြစ်ချင်တာ၊ ကိုယ်လိုအပ်တာကအစပြုလို့ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသ တိုးတက်ဖွံ့ဖြိုးရေးကောင်းကျိုးလိုရာဆန္ဒတွေ၊ ဖြစ်သင့်ဖြစ်ထိုက်တဲ့ဆန္ဒတွေကို ကိုယ်ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်ကတစ်ဆင့် အစိုးရဆီကိုတောင်းဆိုနိုင်ခွင့် ရရှိမှာဖြစ်ပါတယ်။ ဒီအခွင့်အရေးကို မိဘပြည်သူအားလုံးက လက်လွှတ် ဆုံးရှုံးမခံကြဖို့လည်း ပြောလိုပါတယ်။ ဒီနေရာမှာ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး နိုင်ငံတကာ အသိအမှတ်ပြုမှုဆိုတာနဲ့ ပတ်သက်ပြီး ကျွန်တော်ပြောလိုပါတယ်။

၂၀၂၄ ခုနှစ်က ကမ္ဘာတစ်ဝန်းမှာကျင်းပခဲ့တဲ့ ရွေးကောက်ပွဲများမှာ တည်ဆဲအစိုးရတွေအပေါ် နိုင်ငံတကာက ဝင်ရောက်စွက်ဖက်မှုတွေပါဝင်တဲ့ အတင်းအကျပ်ပြုလုပ်မှု ဖြစ်စဉ်များကိုလည်း ကျွန်တော်တို့ တွေ့မြင်နိုင်ပါတယ်။ နိုင်ငံတကာဒီမိုကရေစီနဲ့ ရွေးကောက်ပွဲအထောက်အကူပြုအဖွဲ့ရဲ့ ဝက်ဘ်ဆိုက်မှာ ရွေးကောက်ပွဲဆိုင်ရာ နှစ်စဉ်အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းလုံးမှာ ကျင်းပပြုလုပ်ခဲ့တဲ့ရွေးကောက်ပွဲ ၇၄ ခု အနက် ၂၂ ခုသာ တည်ငြိမ်စွာ ကျင်းပနိုင်ခဲ့တာကိုတွေ့ရပါတယ်။ ကျန်တဲ့ရွေးကောက်ပွဲတွေမှာတော့ သပိတ်မှောက်တာတွေ၊ ရလဒ်အငြင်းပွားတာတွေ၊ ဆန္ဒပြတာတွေနဲ့ အကြမ်းဖက်မှုတချို့တောင်မှ ဖြစ်ပွားခဲ့ပါတယ်။ နိုင်ငံတကာရဲ့ ဝေဖန်မှု၊ ဝင်ရောက်စွက်ဖက်မှုတွေကိုလည်း တွေ့ရပါတယ်။ ရွေးကောက်ပွဲတစ်ခုကို သမာသမတ်ရှိစွာ ကျင်းပနိုင်ခြင်းဟာ သက်ဆိုင်ရာနိုင်ငံများရဲ့ နိုင်ငံရေးရေချိန်နဲ့သာသက်ဆိုင်ပြီး ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ဒီမိုကရေစီ ရင့်သန်ပါတယ်ဆိုတဲ့ နိုင်ငံများတောင်မှ ရွေးကောက်ပွဲဆိုင်ရာ ရလဒ်များနဲ့ ပတ်သက်ပြီး ဝေဖန်ခံရမှု၊ စိန်ခေါ်မှုများနဲ့ ရင်ဆိုင်ရလေ့ရှိတတ်ကြပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ သမိုင်းကြောင်းအရဖြစ်စေ၊ နိုင်ငံရေးမူအရဖြစ်စေ အချုပ်အခြာအာဏာပိုင်ပြီး လွတ်လပ်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာဟာ မြန်မာနိုင်ငံသားများထံမှ ဆင်းသက်ပြီး မြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှာ တည်ပါတယ်။ ပြီးတော့ နိုင်ငံတော်ရဲ့ နိုင်ငံခြားရေးမူဝါဒဟာ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်တဲ့ဝါဒကို ကျင့်သုံးနေတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဘယ်တုန်းကမှ၊ နောင်လည်း ဘယ်တော့မှ သူများတိုင်းပြည်ရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှာ မဟုတ်ပါဘူး။ ဒီလိုပါပဲ... ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းရေး၊ ကိုယ့်နိုင်ငံ၊ ကိုယ့်သမိုင်းကြောင်းနဲ့အညီ ဆောင်ရွက်ကြရတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းရေးသက်သက်၊ ကျွန်တော်တို့နိုင်ငံ ပြည်သူတွေရဲ့ အရေးသက်သက်သာဖြစ်ပါတယ်။ တိုင်းတစ်ပါးနိုင်ငံများရဲ့ ဩဇာအာဏာနဲ့ မည်သည့်ဝင်ရောက်စွက်ဖက်မှုကိုမှ ကျွန်တော်တို့နိုင်ငံရဲ့ ရွေးကောက်ပွဲအောင်မြင်အောင် ကျင်းပရေး ခရီးလမ်းကို ပျက်ပြားအောင်၊ ပြောင်းလဲအောင် လုပ်လို့မရဘူးဆိုတာ ရှင်းရှင်းလင်းလင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံသားတွေဖြစ်ပါတယ်၊ မြန်မာနိုင်ငံသားတွေရဲ့ အနာဂတ်ကို မြန်မာနိုင်ငံသားတွေကပဲ ဖန်တီးပိုင်ခွင့်ရှိပါတယ်။ မြန်မာ့အရေးကို ရွေးကောက်ပွဲမဲပေးတဲ့ ကျွန်တော်တို့ နိုင်ငံသားတွေကပဲ အသိအမှတ်ပြုဆုံးဖြတ်ရပါမယ်။ ဒါဆိုရင် လုံလောက်နေပြီ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၉ သို့*

*စာမျက်နှာ ၁၈ မှ*

မြန်မာနိုင်ငံမှာ လွတ်လပ်ပြီး တရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ဦးဆောင်ပြီး ကျင်းပပေးသွားမှာဖြစ်ပါတယ်။ အခုကျင်းပမယ့် ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီပေါင်း ၅၇ ပါတီနဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ၉၅ ဦးတို့ စုစုပေါင်းကိုယ်စားလှယ်လောင်း ၅၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ အခုကျင်းပတဲ့ ရွေးကောက်ပွဲမှာ တိုင်းရင်းသားများနဲ့ လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုတဲ့သူတွေ လွှတ်တော်ထဲမှာ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေဖို့အတွက် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ကို ရောနှောထားတဲ့ ကိုယ်စားလှယ်အချိုးကျစနစ်(MMP)တို့ကို အသုံးပြုဆောင်ရွက်သွားမှာ ဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲအပေါ် ကွဲပြားခြားနားတဲ့ နိုင်ငံတကာ တုံ့ပြန်မှုများရှိနေသော်လည်း မိတ်ဖက်နိုင်ငံများရဲ့ ထောက်ခံမှုများကတော့ အခိုင်အမာ ရရှိထားပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကိုလည်း အားလုံးက အသိအမှတ်ပြုပြီးဖြစ်ပါတယ်။ ကိုယ့်နိုင်ငံရဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လိပ်ပြာလုံစွာ ဆောင်ရွက်ထားတဲ့အတွက် မြန်မာနိုင်ငံရဲ့ မိတ်ဖက်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အခြားနိုင်ငံများကိုပါ ကျွန်တော်တို့ရဲ့ ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကို လာရောက်ကြည့်ရှုလေ့လာဖို့ ဖိတ်ခေါ်ထားပြီးဖြစ်ပါတယ်။ ထို့အတူပဲ ပြည်တွင်းပြည်ပ နိုင်ငံတကာ မီဒီယာများကိုလည်း ဖိတ်ခေါ်ထားပြီး ဖြစ်ပါတယ်။ မဲမသမာမှုများ မရှိစေဖို့ ခေတ်မီနည်းပညာသုံး MEVM စက်များကိုလည်း အသုံးပြုထားတာဖြစ်ပါတယ်။ ဒါ့ကြောင့် ရွေးကောက်ပွဲက ထွက်ပေါ်လာတဲ့ လွှတ်တော်ဟာ ဂုဏ်သိက္ခာရှိတဲ့ လွှတ်တော်တစ်ရပ်ဖြစ်ကြောင်း ကမ္ဘာကို ချပြနိုင်မှာဖြစ်ပါတယ်။

စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးဆိုတဲ့ နိုင်ငံရေးရည်မှန်းချက်အရွေ့တစ်ခုဟာ အစိုးရ၊ ပြည်သူ၊ တပ်မတော်၊ သက်ဆိုင်ရာအဖွဲ့အစည်းများ ပြိုင်တူဝိုင်းပြီး တွန်းကြရင်ဖြင့် ပန်းတိုင်ကို မှန်မှန်နဲ့မြန်မြန် ရောက်ရှိနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီနှစ် ဒီဇင်ဘာလနဲ့ နောက်နှစ် ဇန်နဝါရီလအတွင်းမှာ ကျင်းပမယ့် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင်ပြီးမြောက်စေဖို့အတွက်၊ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပြီး ဆန္ဒမဲပေးကြပါစို့လို့ ပြောကြားလိုပါတယ်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ မုချအောင်မြင်ရပါမယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

## မော်လမြိုင်မြို့၌ လူဦးရေ ၂၃၀၀ ခန့်ကို အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသ ဆောင်ရွက်ပေး

**မော်လမြိုင် နိုဝင်ဘာ ၁၀**

မွန်ပြည်နယ် မော်လမြိုင်မြို့ ခတင်-၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ နိုဝင်ဘာ ၉ ရက်မှ ၁၆ ရက်အထိ အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးခြင်းကို သဲဖြူဆရာတော်ကြီး အမှူးထား၍ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှု၊ မွန်ပြည်နယ် အစိုးရအဖွဲ့၏ပံ့ပိုးမှု၊ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးနေမှုအား ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ဇနီး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးထွန်းဝေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်တို့က ကြည့်ရှုအားပေးပြီး မျက်စိဝေဒနာရှင်များအား ထမင်းဘူး၊ မုန့်နှင့် ရေသန့်ဘူးများကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

မျက်စိရောဂါဝေဒနာရှင်များအား စမ်းသပ် ခွဲစိတ်ကုသပေးခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီနှင့် ပရဟိတအသင်းအဖွဲ့များမှ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မျက်စိရောဂါဝေဒနာကို ဆေးကုသမှုခံယူရန် စာရင်းပေးထားရှိသူ ၂၃၀၀ ခန့်ရှိကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

## အာရှအမျိုးသမီးချန်ပီယံလိဂ်ဖလား အုပ်စု(ဂ)ပွဲစဉ်ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁၀**

၂၀၂၅- ၂၀၂၆ ခုနှစ် အာရှအမျိုးသမီးချန်ပီယံလိဂ်ဖလား အုပ်စု(ဂ) ပွဲစဉ်များကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁၂ ရက် ညနေ ၃ နာရီတွင် မြန်မာအမျိုးသမီးကလပ် အား/ကာသိပ္ပံ(ISPE)အသင်းနှင့် ဂျပန်ကလပ်တိုကျိုဗာဒီဗီလီဇီကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၂နာရီ ၄၅ မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Entertainment Channelနှင့် မြန်မာ့အသံရေဒီယို၊ MRTV App၊ MRTV Radio App အပါအဝင် Online Media တို့မှလည်း တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည် ဖြစ်သည်။

သတင်းစဉ်

## ရွှေကျင်မြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များအား ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်

**ရွှေကျင် နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင် မိခင်များအား ကွင်းဆင်း၍ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၀ ရက်က ဆောင်ရွက်သည်။



အဆိုပါ ကိုယ်ဝန်ဆောင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာ မြတ်သူ၏ ဦးဆောင်မှုဖြင့် သံဆိပ်ကျေးလက်ကျန်းမာရေးဌာန အနောက်ဘက် ကျေးလက်ကျန်းမာရေးဌာနခွဲအပိုင် အနောက်ဘက်ကျေးရွာအုပ်စု အတွင်းရှိ ကိုယ်ဝန်ဆောင် မိခင်များအား ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးပေါင်ချိန်ခြင်း၊ အရပ်တိုင်းခြင်း၊ ကိုယ်အလေးချိန်ခြင်း၊ ဆီးချိုတိုင်းခြင်း၊ နှစ်သိမ့်ဆွေးနွေးမှု ဆောင်ရွက်ပြီး ကိုယ်ဝန်ဆောင်နှင့် ၎င်းတို့၏ ခင်ပွန်းများအား HIV နှင့် Syphilis ရောဂါပိုး ရှိ မရှိ စစ်ဆေးပေးခြင်း၊ ကလေးနှလုံးခုန်နှုန်း စမ်းသပ်ကိရိယာကို အသုံးပြု၍ စစ်ဆေးပေးခြင်း၊ လက်မောင်းလုံးပတ် တိုင်းထွာခြင်း၊ ကိုယ်ဝန်ဆောင်များအား ကိုယ်ဝန်ဆောင်အားဆေးများပေးခြင်း၊ ဗီတာမင်ဘီဝမ်းဆေးပြားပေးခြင်း၊ ကိုယ်ဝန်ဆောင် သန်ချဆေးတိုက်ကျွေးခြင်း၊ မမွေးဖွားမီ၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီး ဆောင်ရန်၊ ရှောင်ရန်များနှင့် ဒေသထွက် သားငါး၊ အသီးအရွက်များဖြင့် အာဟာရပြည့်ဝစွာ စားသောက်တတ်စေရန် ကျန်းမာရေးပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ကွင်းဆင်း ဆောင်ရွက်သည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)



## နတ်မောက်မြို့၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေအသိပညာပေးဟောပြော

**နတ်မောက် နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေအရာရှိ ဒေါ်လှလှဆွေက ဥပဒေပြန့်ပွားရေး၊ တရားဥပဒေရေးရာဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မကွေးတိုင်းဒေသကြီး ဥပဒေရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းက ကလေးအလုပ်သမားနှင့် သက်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းချက်များမှ ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေပြဋ္ဌာန်းချက်များ၊ ကလေးများခိုင်းစေခြင်း အက်ဥပဒေပြဋ္ဌာန်းချက်များ၊ ကလေးများခိုင်းစေခြင်းအတွက် တားမြစ်ချက်များ၊ ကျူးလွန်သည့်ပြစ်မှုအတွက် ပြစ်ဒဏ်ပြဋ္ဌာန်းချက်များ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ(၂၀၁၉)အကြောင်းအရာပါပုဒ်မများအား ရှင်းလင်းပြောကြားသည်။

ဟောပြောပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများနှင့် ဝန်ထမ်းများ တက်ရောက်သည်။

လှဝင်း

## တောင်ငူမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို ပြိုင်ပွဲများကျင်းပ

**တောင်ငူ နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပညာရေးမှူးရုံးတို့ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို ပန်းချီ၊ စာစီစာကုံး၊ ကဗျာရွတ်၊ ပုံပြင်ပြော၊ ကျပန်းစကားပြောနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတို့ကို ယနေ့နံနက်ပိုင်းက တောင်ငူမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲများ ကျင်းပရာတွင် တောင်ငူခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ၅၀၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၇၆ ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၁၁၉ ဦး၊ အလယ်တန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ၆၆ ဦး၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ၆၆ ဦး၊ မူလတန်းအဆင့်ပုံပြင်ပြောပြိုင်ပွဲတွင် ၆၇ ဦး၊ မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲတွင် ၉၈ ဦး စုစုပေါင်း ၅၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲတွင်ဆုရရှိသူများအား စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်ကိုကို(တောင်ငူ)

## ငါးသိုင်းချောင်းမြို့၌ ဝေန်မြစ်ကမ်းပြို၍ ပြောင်းရွှေ့ရသည့် အိမ်ထောင်စုများအား အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာဖိုးငွေများ ပေးအပ်

**ငါးသိုင်းချောင်း နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ သောင်ကြီးကျေးရွာ၌ ဝေန်မြစ်ရေ တိုက်စားမှုကြောင့် ကြိုတင်ဖျက်သိမ်း ပြောင်းရွှေ့ရသည့် အိမ်ထောင်စု ၄၃ စု၊ လူဦးရေ ၁၃၄ ဦးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးငွေများ ပေးအပ်ပွဲအခမ်းအနားကို ငါးသိုင်းချောင်းမြို့ သောင်ကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့က ကျင်းပသည်။



အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က သောင်ကြီးကျေးရွာ အုပ်စုအတွင်း ဝေန်မြစ်ရေ တိုက်စားပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် ကြိုတင်ပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စု ၄၃ စုအား တွေ့ဆုံကာ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကိစ္စများနှင့် ပတ်သက်၍ ဒေသဖွံ့ဖြိုးရေး တင်ပြချက်များအပေါ် လူမှုရေးဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အိမ်ထောင်စု တစ်စုလျှင် ဆန်ခြောက်ပြည်၊ ဆီတစ်ပိဿာ နှုန်းဖြင့် စုစုပေါင်း ဆန် ၁၁ အိတ်နှင့် ဆီ ၄၃ ပိဿာ ပေးအပ်ပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေ တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၄၃ စုအတွက် ငွေကျပ် ၄၃၀၀၀၀၀ နှင့် တစ်ဦးလျှင် ဆန်ဖိုးငွေကျပ် ၅၀၀၀ နှုန်းဖြင့် ၁၃၄ ဦးအတွက် ငွေကျပ် ၆၇၀၀၀၀ စုစုပေါင်း ငွေကျပ် ၄၉၇၀၀၀၀ တို့ကို ထောက်ပံ့ပေးအပ်သည်။

**ငါးသိုင်းချောင်း(ပြန်/ဆက်)**

## စစ်ကိုင်းပညာရေးတက္ကသိုလ်၌ (၃၃)နှစ်မြောက်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကျင်းပ

**စစ်ကိုင်း နိုဝင်ဘာ ၁၀**

စစ်ကိုင်းပညာရေး တက္ကသိုလ်၏ (၃၃)နှစ်မြောက် အထိမ်းအမှတ် သုတေသန စာတမ်းဖတ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်က အဆိုပါတက္ကသိုလ်ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ ခေတ္တပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ပါမောက္ခဌာနမှူးများ၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ စာတမ်းရှင်များ တက်ရောက်ကြသည်။



ဦးစွာ သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားအား စစ်ကိုင်းပညာရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး သုတေသနစာတမ်းဖတ်ပွဲအား ကျင်းပသည်။

သုတေသန စာတမ်းဖတ်ပွဲသို့ ပညာရေး၊ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ စာတမ်းရှင် ၁၃၇ ဦးတို့က ဖတ်ကြားကြမည်ဖြစ်ပြီး သုတေသနစာတမ်းဖတ်ပွဲကို သုံးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## ရေကြည်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်

**ရေကြည် နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)တို့ ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ကျုံပျော်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီအဖွဲ့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေအေးတို့က အမှာစကားများပြောကြားခဲ့ပြီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)မှ ဒုတိယကျောင်းအုပ်ဆရာမကြီး ဒေါ်ဆုနှင်းထိုက်က အိမ်တွင်းမှုလုပ်ငန်းဖြင့် မိသားစုဝင်ငွေတိုးပွားစေရေးအတွက် အခြေခံအင်္ကျီချုပ်နည်း ရှစ်မျိုးကို စနစ်တကျသင်ကြားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို သင်တန်းသူ ၂၀ တက်ရောက်သင်ကြားပြီး သင်တန်းကို ၄၅ ရက်ကြာ ဖွင့်လှစ်ပို့ချ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## Book Club၊ Youth Club အဖွဲ့ဝင်များ ပူးပေါင်း၍ စာဖတ်ဝိုင်းပြုလုပ်

**ပေါက်ခေါင်း နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာပေ ချစ်မြတ်နိုးသူများအသင်း (Book Club)၊ ဝါသနာတူလူငယ်များအသင်း (Youth Club) တို့ ပူးပေါင်းပြီး စာရေးဆရာ ညီညီနိုင် ရေးသားသော "အောင်မြင်ရေးသော့ချက် A-Z 26" စာအုပ်ဖြင့် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က စာဖတ်ဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားကာ စာရေးဆရာ ညီညီနိုင် ရေးသားသော အောင်မြင်ရေးသော့ချက် A-Z 26 စာအုပ်မှ အောင်မြင်မှုနေပူဆာလှူ ခေါင်းစဉ်ဖြင့် စတင်ဆွေးနွေးခဲ့ပြီး (Book Club) အဖွဲ့ဝင်များဖြစ်ကြသော စာပေဝါသနာရှင် ဦးတင်ဝင်းနှင့် ဦးစိုးနိုင်တို့က အောင်မြင်သောလူ (သို့) အကြောင်းကိစ္စ၊ ကျန်းမာရေးနှင့်ရုပ်ဆင်းအသွင်အပြင် စသည့် ခေါင်းစဉ်ခွဲများကို အသီးသီးဖတ်ကြားဆွေးနွေးခဲ့ရာ (Youth Club) အဖွဲ့ဝင်များ၊ စာပေချစ်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။




**ဖုန်းကျော်ဇင်(ပြန်/ဆက်)**



## သဲကုန်းမြို့နယ်၌ ဥပဒေပညာရပ်ဆိုင်ရာ အသိပညာ ပြန့်ပွားရေး ဆွေးနွေး

**သဲကုန်း နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ ဥပဒေပညာရပ်ဆိုင်ရာ အသိပညာပြန့်ပွားရေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း(သဲကုန်း)ရှိ သာစုခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်သူဇာမြင့်က ဥပဒေဘာသာရပ်ဆိုင်ရာသင်ခန်းစာများကို အခြေခံပညာအထက်တန်းနှင့် ကိုယ်ပိုင်ကျောင်းများက အထက်တန်းပြ ဆရာ ဆရာမများအား သင်ကြားပို့ချခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲကို သင်တန်းသား သင်တန်းသူ ၂၂ ဦးအား နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ စာတွေလက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **ကိုကျော်(ပြန်/ဆက်)**



## မန္တလေးလမ်းမှ ရိုးကန်-ကန်သာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**မိတ္ထီလာ နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် မန္တလေးလမ်းမှ ရိုးကန်-ကန်သာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၉ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(တည်ဆောက်ရေး) ဒေါက်တာထွန်းမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ်အတွင်းရှိ မန္တလေးလမ်းမှ ရိုးကန်-ကန်သာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး) က လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ **ခရိုင်(ပြန်/ဆက်)**

## သာကေတမြို့နယ်၌ လူငယ်နှင့်စိတ်ထားအလှ ဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာရေးဆရာအသင်းတို့ ပူးပေါင်း၍ လူငယ်နှင့်စိတ်ထားအလှအသိပညာပေး(Talk Show) ဆွေးနွေးပွဲကို သာကေတမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့က ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်အိရွှေစင်လတ်က လူငယ်နှင့်စိတ်ထားအလှ ဆွေးနွေးပွဲ (Talk Show) ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း စာရေးဆရာမ ဒေါ်နန်းဟင်းပြင်က လူငယ်များတွင် ထားရှိသင့်သော စိတ်ထားအကြောင်း၊ မိုလ်ချုပ်အောင်ဆန်း၏ စိတ်နေစိတ်ထားအကြောင်း၊ လူငယ်များစွမ်းရည်တိုးတက်ဖို့အတွက် စိတ်ထားလှဖို့လိုကြောင်း စသည့်အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။ **အိရွှေစင်လတ် (ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ e-1/မင်းတန်းရပ် ဦးပိုင်အမှတ်(100) ဧရိယာအကျယ်အဝန်း ၀ ဒသမ ၁၈၅ (၉၀'x၉၀')ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်မှ မူလ ပိုင်ရှင်များဖြစ်ကြသော ဦးအစိန်-ဒေါ်ငွေသောင်တို့၏ သား၊ သမီးများဖြစ်သော ဒေါ်ငွေညွှန့်၊ ဦးကျင်ဖုံ၊ ဒေါ်ရှင်၊ ဒေါ်အမာတို့ဖြစ်ကြပြီး ၎င်းတို့ကွယ်လွန်သွားသည့်အခါ ၎င်းတို့၏ အမွေဆက်ခံခွင့်ရှိသော သား၊ သမီးများမှ ပိုင်ဆိုင်သော အမွေဆိုင် အိမ်နှင့်မြေတို့ဖြစ်ကြပါသည်။ ၎င်းအိမ်နှင့် မြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းစသည်တို့ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သန်းသန်းငြိမ်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၀၃/၈၅)**

**တိုက်(၁၄၁)၊ အခန်း(၁၀၁) အောင်ချမ်းသာလမ်း၊ (၅)ရပ်ကွက်၊**

**ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**ဖုန်း-၀၉-၄၂၀၁၆၇၈၂၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၅၄၆)၊ အကျယ်အဝန်းပေ (၄၀x၆၀)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၁၅)၊ ခေတ္တာလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် စပ်လျဉ်း၍ ပါမစ်အမည်ပေါက် ဦးဘိုကျော် (CE-၀၆၄၈၉၅) ထံမှ အဆက်အစပ်စာချုပ်များနှင့်တကွ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးခင်မောင်ဝင်း ၅/ဘတလ(နိုင်)၀၇၀၁၉၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်ဝင်းနိုင် တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၄၈/၂၀၁၀)**

**အမှတ်(၁၇)၊ (၄)လွှာ၊ မလွကုန်းလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊**

**တာမွေမြို့နယ်**

**ဖုန်း-၀၉-၇၉၂၀၁၆၉၉၈**

## အမည်ပြောင်း

(ဘ) ဦးရွှေလှ၏ သမီး ဖောင်းပြင်မြို့နယ်၊ အ.လ.က (ကုန်းအောက်တောင်း) ကျောင်း၊ Grade-2မှ ကျောင်းဝင်အမှတ်-၀၂၈၁၊ မဇူးဇူးမောင်အား မရွှေဇင်လင်းဟု အမည် ပြောင်းလဲခေါ်ပါရန်။

**မရွှေဇင်လင်း**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အ.ထ.က(၁) သဃ်န်းကျွန်း၊ Grade-10မှ မောင်ဖြိုးသူရကျော်၏ ဖခင်အမည်မှန်မှာ ဦးကြည်စန်း ၁၂/သဃက (နိုင်)၁၃၇၈၄၆ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ် ဒ-၄၆၂၈၊ မြေရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဦးဝင်းရွှေ(ဘ)ဦးညီတင် ၁၀/မဒန(နိုင်)၀၁၆၅၀၃ အမည်ပေါက်နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးဝင်းရွှေမှ ဒေါ်မြင့်မြင့်ဝင်း(ဘ)ဦးစိန်ဝင်း ၁၂/သလန(နိုင်)၀၀၂၃၉၇ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/3812 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိ အလယ်ရပ်၊ မြေကွက်အမှတ် ဒ-၃၀၈၃၁၊ မြေရိယာ ၀ ဒသမ ၁၅၈ ဧကရှိ ဒေါ်စန်း(ဘ)ဦးပု ၉/မထလ(နိုင်)၀၂၀၀၇၅ အမည်ပေါက် နှစ် (၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်စန်းမှ ဒေါ်ခင်မျိုးဝင်း(ဘ)ဦးတင်ဝင်း ၈/ခမန(နိုင်)၁၁၀၈၅၅ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ် (ဒ-၄၆၃၀)၊ မြေရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဦးဝင်းရွှေ (ဘ)ဦးညီတင် ၁၀/မဒန(နိုင်)၀၁၆၅၀၃ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးဝင်းရွှေမှ ဦးထင်ကျော်ဦး (ဘ) ဦးကျော်ဝင်း ၇/ဒဥန(နိုင်)၁၀၉၇၇၅နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်နှင့် ဖခင်အမည်မှန်

အမှတ်(၅)၊ အခြေခံပညာ အထက်တန်းကျောင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ Grade-12(C)မှ မလှိုင်စန်းရှီး ၏ အမည်မှန်မှာ မလိုင်စန်းရှီး ၅/ဟမလ(နိုင်)၁၈၆၃၈၁ နှင့် ၎င်း၏ဖခင်အမည်မှန်မှာ ဦးချမ်းစီးမူ ၅/ဟမလ(နိုင်)၀၅၅၁၃၂ ဖြစ်ပါကြောင်း။

**မလိုင်စန်းရှီး၊ ဦးချမ်းစီးမူ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/4294 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ (၈)ရပ်ကွက်၊ အောင်သိပ္ပံလမ်း၊ အမှတ် (၉/ဇ/၂၈)နေ ဒေါ်ချင်ကျိန်း ၁၃/လရန(နိုင်)၀၀၅၅၄၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် - ၂၃/သုဝဏ္ဏ၊ မြေကွက်အမှတ် - ၂၀၂/က၊ ဧရိယာ ၀ ဒသမ ၁၀၄ ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချင်ကျိန်း ၁၃/လရန(နိုင်)၀၀၅၅၄၈ မှ အစ်မဖြစ်သူ ဒေါ်ဖွန်ကျိန်း ၁၃/လရန(နိုင်)၀၃၀၈၀၇ အား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် အပိုင်ပေးအပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးအေးချို (LL.B) (စဉ်-၇၈၂၈)** **ဦးဇော်ဇော် (LL.B) (စဉ်-၁၉၄၅၁)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၁၁)၊ ၁၅၇လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊**

**ရန်ကုန်မြို့၊ Ph: 09-5278394, 09-254378207**

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက-ရွာသစ် Grade-9 မှ မောင်ဝေယံထက်၏ ဖခင်အမည်မှန်မှာ ဦးလွင် ၉/ဝတန(နိုင်)၀၅၄၀၁၃ ဖြစ်ပါကြောင်း။

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (က/၅)လမ်း(တတိယအဖြတ်) ဒေါ်စိန်မြင့်အမည်ဖြင့်တည်ရှိသော မြေကွက်အမှတ်(၅၄)ပေါ်ရှိ ဆောက်လုပ်ဆဲ(၅)ထပ်တိုက် အဆောက်အအုံ၏ မြေညီထပ်မှရေတွက်သော်(တတိယအလွှာ) တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်ပါလိပ်စာရှိ တိုက်ခန်းအား ပူးတွဲပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကြသော ကန်ထရိုက်တာများဖြစ်ကြသည့် ဦးထွန်းဝင်း (၁၂/လမန(နိုင်)၁၆၉၂၄၃)၊ ဒေါ်နှင်းအိခိုင် (၁၂/မရက(နိုင်)၀၆၀၀၀၃)တို့ထံမှ ဦးသူရမိုး(၁၂/အစန(နိုင်)၂၂၃၀၁) က အပြီးအပိုင် ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူ မည်သူမဆိုတို့က ယနေ့မှစ၍ (၁၅)ရက်အတွင်း စာရွက်စာတမ်းခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဦးခင်ဇော် | ဒေါ်အိအိဖြူ |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၃၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၈၀) |
| B.Sc, PGDL, HGP, WIPO(Switzerland) | LL.B,DLP, WIPO(Switzerland) |

အမှတ်(၅၅)၊ ဘားလမ်း၊ ကျောက်တံတားမြို့ နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၆၃၈၀၈၇၉၁၊ ၀၉-၇၈၇၁၉၂၂၃၁

---

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၇)ရပ်ကွက်၊ သစ္စာလမ်းနှင့် သမာဓိလမ်းထောင့်တွင်ရှိ အမှတ်(၈၃၄/ခ)ဟုခေါ်တွင်သော (၂၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်ပါလိပ်စာရှိ မြေကွက်သည် ဒေါ်ဆွေဆွေဦး အမည်ပေါက်တည်ရှိပြီး ဆက်စပ်စာချုပ်များဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းအောင် ၇/သနပ(နိုင်)၀၃၇၆၅၉ ထံမှ ဦးအောင်ကျော်မင်း ၁၂/လသန(ပြု)၀၀၀၉၈၇က အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူ မည်သူမဆိုတို့က ယနေ့မှစ၍ (၁၅)ရက်အတွင်း စာရွက်စာတမ်းခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးခင်ဇော် | ဒေါ်အိအိဖြူ |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၃၅) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၈၀) |
| B.Sc. PGDL, HGP, WIPO(Switzerland) | LL.B, DLP, WIPO(Switzerland) |

အမှတ်(၅၅)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၆၃၈၀၈၇၉၁၊ ၀၉-၇၈၇၁၉၂၂၃၁

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ မဏိစည်သူလမ်း၊ မြေကွက်အမှတ်(၁၅၁၂/ခ)၊ အကျယ်အဝန်း ပေ(၂၀x၆၀)၊ ဦးမောင်မောင်မျိုး ၁၂/ဥကတ(နိုင်)၀၈၈၅၅၀ အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတင်ဝင်းအောင် ၁၂/စခန(နိုင်)၀၄၅၅၄၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာဝင်း ၈/နမန(နိုင်)၁၄၇၄၅၆က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများ အနေဖြင့် ခိုင်လုံသောအထောက်အထားများကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ ၁၀ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂျူလိုင်မိုး(LL.B, D.B.L, W.I.P.O Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၀၇၃)**
**အမှတ်(၇၉၅/ခ)၊ လေးကျွန်းဇမ္ဗူလမ်း၊ (၅၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၅၆၁၃၃၄၄၆၊ ၀၉-၇၇၅၀၀၈၃၆၅**

---

## အများပြည်သူ သိစေရန်ကြေညာခြင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ သစ်တပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၆၁၈)၊ အုပ်ဖိုရွာမကွင်းအတွင်းရှိဦးပိုင်အမှတ်(၅၆ᵃ)၊ ဧရိယာ ၀ ဒသမ ၇၅ ဧက၊ ယာမြေတည်နေရာတို့၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)တို့သည် "နေအိမ်ပြောင်းရွှေ့ရာ" အမှန်တကယ်ပျောက်ဆုံးသွားခဲ့ပါကြောင်း၊ ၎င်းလယ်ယာမြေပုံစံ(၇)များအား ဒုတိယမူရင်း(သို့) မိတ္တူမှန်ထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ဥပဒေနှင့်အညီ တင်ပြလျှောက်ထားပြီးဖြစ်ပါကြောင်း အများပြည်သူများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးမွေး(၁၃/တကန(နိုင်)၁၃၂၂၈၉)**
**ဖုန်း- ၀၉-၆၉၄၅၂၀၅၂၉**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၅၂) ရပ်ကွက်၊ ကျောင်းလမ်း၊ ကျေးရွာအမည်-မဓ၊ ကွင်းအမှတ်-၄၇၂၊ ကွင်းအမည်-မဓ၊ ဦးပိုင်အမှတ်-၃၄၊ ဧရိယာ ၂၀ ဒသမ ၁၅ဧကရှိ ဦးအုန်းမောင် အမည်ပေါက် မြေကွက်အနက် မြေကွက်အမှတ်(၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၄၃) တစ်ကွက်ချင်း အကျယ်အဝန်း အလျားxအနံ ပေ(၂၀x၆၀) အကျယ်ရှိ မြေကွက်(၅)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူမှ အရှုပ်အရှင်းကင်းစွာဖြင့် ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ရောင်းချလိုကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းမင်းသန်း ၁၂/ဥကမ(နိုင်)၁၄၈၃၁၅ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မိုးသူ ၁၂/လမန(နိုင်)၁၄၂၉၂၂ မှ အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက်တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထား ပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူဟု အဆိုရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်းများကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မိုးသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမိုးကြူ (LL.B, D.B.L, D.M.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၅၅)**
**အမှတ်(၂၃၁)၊ ကမ်းနားလမ်း၊ မကျည်းတန်းတောင်(အနောက်)ရပ်ကွက်**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၅၇၈၂၈၄၆၊ ၀၉-၂၆၃၆၅၆၇၇၄**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9R/9377 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/37076 Yamaha AEROX 155 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၄/မအပ(နိုင်)၁၅၈၆၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**(မအူပင်)**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 77W/49408, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇေလွင် ၁၄/ဟသတ(နိုင်)၂၂၂၁၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟင်္သာတ)**

---

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ

## ( တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ )

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ်-၇၉၂

| | | |
|---|---|---|
| ဦးမောင်အေး ပါ ၂ | နှင့် | ၁။ ဒေါ်ညိုကြည် |
| | | ၂။ ကိုဝင်းဌေး |
| | | ၃။ ကိုစိုးလင်း |
| | | ၄။ မဝင်းမာ |
| | | ၅။ ကိုနိုင်လင်း |
| | | ၆။ မခင်မာကြည် |
| | | ၇။ ကိုဌေးနိုင် |
| | | ၈။ မပိုကြီး |
| | | ၉။ မမူမူဌေး |
| | | ၁၀။ မစန္ဒာလင်း |
| | | ၁၁။ မမာဌေး |
| | | ၁၂။ ကိုသန်းဝင်း |
| | | ၁၃။ ဦးချိုကြီး |
| | | ၁၄။ ဒေါ်ဂျမ်းတော |
| **လျှောက်ထားသူများ** | | **လျှောက်ထားခံရသူများ** |

မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမဒုတိယ အယူခံမှုအမှတ် ၂/၂၀၂၅ ၏ ၂၀၂၅ ခုနှစ်၊ မေလ ၁၅ ရက်စွဲပါအမိန့်ကို ပြင်ဆင်မှု လျှောက်လွှာနှင့်ပတ်သက်၍ မြို့သစ်မြို့နယ်၊ ဒန့်ဒလွန်ပင်ရွာနေ လျှောက်ထားခံရသူ အမှတ်(၂)ကိုဝင်းဌေး၊ (၃)ကိုစိုးလင်း၊ (၄)မဝင်းမာ၊ (၅)ကိုနိုင်လင်း၊ (၈)မပိုကြီး၊ (၉) မမူမူဌေး၊ (၁၁)မမာဌေး၊ (၁၂) ကိုသန်းဝင်း (ယခုလိပ်စာမသိသူတို့) သိစေရမည်။

ဤအမှုတွင် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဦးမျိုးလှိုင်က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်(၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်) နံနက် (၁၀) နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင်တို့အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( တင်မေလတ် )**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၁)၊ မြေကွက်အမှတ်(၂၆၄၃)၊ ပေ(၄၀x၆၀)၊ ၀ ဒသမ ၀၅၅ဧက၊ အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ချင်းချန် ၁၃/လရန(နိုင်)၁၈၁၅၅၈ က ၎င်းတစ်ဦးတည်း ပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိကြောင်း၊ အမွေစား၊ အမွေခံ၊ မိသားစု၊ အရှုပ်အရှင်းမှစ၍ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းထားခြင်းများ အပါအဝင် မည်သည့်အရှုပ်အရှင်းမျှမရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏အမှုသည်က အပြီးအပိုင် ဝယ်ယူရန် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်ခွင့်ရှိသဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တရားဝင်ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်ခြင်းမရှိပါက ကျန်ငွေများ ဆက်လက်ပေးချေလျက် အရောင်းအဝယ်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါက်တာဇာခြည်အောင် | ဒေါ်ကြာဖြူဝတ်ရည် |
|---|---|
| LL.B, LL.M, MRes, PhD | LL.B. LL.M |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၀၈၉) |
| ဖုန်း-၀၉-၉၇၇၁၁၁၂၉၅ | ဖုန်း-၀၉-၉၇၇၁၁၁၂၉၂ |

**တိုက် (၁)၊ အခန်း (၁၁၂/၁၁၃)၊ ဟိုတယ်ရန်ကုန်၊**
**ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်**
**(၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်ရတနာအုပ်စု၊ ရန်ပယ်ရပ်ကွက်၊ (၂၁)လမ်း၊ မြေကွက်အမှတ်(၁၆၉)ဟုခေါ်တွင်သော အလျား ပေ၆၅xအနံ ပေ၄၀ အကျယ်အဝန်းရှိ ဒေါ်ဖြူမ(ခ) ဒေါ်မြမြဆန်း နှင့် ဦးဟန်ဝင်းအောင်တို့အမည်ပေါက် အိမ်ဝိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲထိုက်အောင် (LL.B, LL.M) အထက်တန်းရှေ့နေ (စဉ်-၄၅၅၅၆/၁၅)**
**အမှတ်(၆၄၅)၊ အဝေရာလမ်း၊ အောင်မေတ္တာ(ဃ)ရပ်၊ မကွေးမြို့**
**ဖုန်း-၀၉-၉၅၄၃၄၅၅၅၆**

---

## ငွေးချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)

## တောင်ကြီးမြို့နယ်တရားရုံးတော်

## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆၆

| | | |
|---|---|---|
| ဒေါ်နန်းနွံခမ်း(ခ)အေးနန္ဒာစံနွမ်း | နှင့် | ဦးစိုင်းဟတ်ခေး |
| (တရားလို) | | (တရားပြိုင်) |

တောင်ကြီးမြို့ ၊ ချမ်းသာရပ်ကွက်၊ ရာမလမ်း၊ အမှတ်-၂၉၄ နေ ဦးစိုင်းဟတ်ခေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နန်းနွံခမ်း(ခ)အေးနန္ဒာစံနွမ်းက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( စည်းစိမ်မှူး )**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

---

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-28-E 2၊ မြေကွက်အမှတ်-72၊ မြေအမျိုးအစား နှစ်(၆၀)ဂရန် (သက်တမ်းကုန်)၊ ဧရိယာ ၀ ဒသမ ၀၃၂ ဧက၊ အမည်ပေါက်-ဦးထွန်းရွှေ၊ ဒေါ်တင်ဆင့်(ခ)ဒေါ်ဆင့် အမည်ဖြင့်မှတ်သားထားသည့် မြေကွက်နှင့် ယင်းမြေကွက်တည်ရှိရာအမှတ်-၄၆၊ မအူပင်လမ်း၊ ကျွန်းတော(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်များအားလုံးတို့နှင့်ပတ်သက်၍ ဝယ်ယူသူ ဦးဌေးအုန်းသိန်း ၁၂/စခန (နိုင်)၀၂၅၈၄၇ မှ အပြီးအပိုင်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့သို့ တန်ဖိုးဖြတ်တင်သွင်းခြင်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရှိစလင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၆၈၅)**
**အမှတ်-၅၅၊ ပထမထပ်၊ အခန်း - ၂၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉-၅၀၉၃၁၁၅**

---

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ရဲဘော်(၄)လမ်း၊ အိမ်အမှတ်-၃၂/၂ ဟုခေါ်တွင်သော ဧရိယာကေ အလျားxအနံ ပေ(၃၀x၇၀)ခန့်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၅)ထပ်တိုက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၂-၉-၂၀၂၅ ရက်စွဲပါ မိသားစုစီမံမှုကတိစာချုပ်အရ ဒေါ်ဖြူဖြူသန့်နှင့် ဦးသော်ဇင်ဦးတို့မှာ ခွဲဝေရယူကြပြီးနောက် ဒေါ်ဖြူဖြူသန့် ခွဲဝေရရှိသော တိုက်ခန်းမှာ အထက်ဖော်ပြပါ ပစ္စည်းစာရင်း၏ မြေညီထပ်၊ တတိယထပ်တို့ ဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းဖြစ်သည့် မြေညီထပ်၊ တတိယထပ်တို့အား ဒေါ်ဖြူဖြူသန့်မှ လက်ရှိထား ခွဲဝေရယူပိုင်ဆိုင်ခဲ့သော တိုက်ခန်းများဖြစ်ပြီး အဆိုပါတိုက်ခန်းများအား ကျွန်မသိရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ အခြားသူတစ်ပါးထံသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အခြားနည်းဖြင့် ဆောင်ရွက်ခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူသန့် ၁၂/အစန(နိုင်)၁၈၅၆၃၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီလေးမော်(LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၇၀၇)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၈၉၃၈၀**

---

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၉)၊ ခေတ္တာလမ်း၊ နယ်မြေ(၆/ခ)၊ အမှတ်(၂၇၇)နေ ဦးဇော်မြင့်လွင် ၇/အဖန(နိုင်)၀၆၅၆၅၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးဇော်မြင့်လွင် ၇/အဖန(နိုင်)၀၆၅၆၅၄ နှင့် ဒေါ်ချောစုငယ် ၁၃/နမတ(နိုင်)၀၅၈၃၀၄ တို့သည် ၁၀-၁၁-၂၀၂၅ရက်က နှစ်ဖက်အသိသက်သေများနှင့် တောင်ကြီးခရိုင်တရားရုံး တရားသူကြီးရှေ့တွင် နှစ်ဦးသဘောဆန္ဒအရ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် နောက်နောင် ဒေါ်ချောစုငယ်နှင့် ပတ်သက်သော စီးပွားရေး၊ လူမှုရေး ကိစ္စအဝဝအားလုံးတို့သည် ဦးဇော်မြင့်လွင်နှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ထွန်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၈၇၀)**
**အမှတ်(၁၉၉)၊ ရပ်ကွက်(၄)၊ နယ်မြေ(၄)၊ အေးသာယာမြို့**
**ဖုန်း-၀၉-၂၅၄၉၆၂၄၄၅**

---

## ဖခင်အမည်မှန်

ပခုက္ကူမြို့၊ အလက(၁)ကျောင်း Grade-9 မှ ကျောင်းသူ မခိုင်မွန်သော်၏ ဖခင်အမည်မှန်မှာ ဦးတင်အောင်မြင့် ၈/ပခက(နိုင်)၂၃၆၁၃၇ ဖြစ်ပါ ကြောင်း။

**ဦးတင်အောင်မြင့်**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9L/7278 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

---

**တစ်ဦးတည်း ဖြစ်ကြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၈)မှ ဒုတိယမူလတန်းပြတာဝန်ထမ်းဆောင်နေသော ဆရာမ ဒေါ်အေးအေးစိုး ၅/ကလထ(နိုင်)၀၀၂၆၄၁ နှင့် ဒေါ်စိုးစိုးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်အေးအေးစိုး(ခ)ဒေါ်စိုးစိုး**

## ဗိုလ်ကြီးခင်ဇော်(ငြိမ်း)
## O.T.S(၂၇)
## အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၉)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အိမ်အမှတ်(၅၆၂)နေ (ဦးခင်ဖြူ-ဒေါ်ခင်တင့်) တို့၏သားကြီး၊ (ဦးစိုးရင်)၊ ဦးဉာဏ်လင်း-ဒေါ်မြသန်း၊ ဒေါ်ခင်ဖြူဖြူ ဒေါ်ခင်စောမြင့် တို့၏အကိုကြီး၊ (ဒေါ်ခင်ဝင်းကြည်) ၏ခင်ပွန်း၊ (ဦးအောင်သူ)-ဒေါ်စောကလျာ၊ ဦးကျော်သူသန်း-ဒေါ်ဝါဝါအောင်၊ ဦးဇော်ဝင်းအောင်-ဒေါ်ခိုင်ပြည့်စုံတို့ ၏ ဖခင်၊ မသက်ဆုဆုအောင်၊ မခြူးသံသာကျော်တို့၏ အဘိုးဖြစ်သူ ဗိုလ်ကြီး ခင်ဇော်(ငြိမ်း)သည် ၁၀-၁၁-၂၀၂၅ရက် ညနေ ၅:၁၅နာရီတွင် (၈၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၂၅ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်လှမြင့်
## အသက်(၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ်(၆၈၁)၊ အခန်း-၁၀၁(ညာ)နေ ဦးခင်မောင်အုံး(WFP, UNHCR)၏ဇနီး၊ သား ဦးဇာနည်မောင်မောင်-ဒေါ်ဥမ္မာသိမ်း၊ သမီး ဒေါ်ကျော့ဒါလီတို့၏ ချစ်လှစွာသောမိခင်၊ မဖြူစင်သန့်၏အဘွား ဒေါ်ခင်လှမြင့် အသက်(၆၈)နှစ်သည် ၁၀-၁၁-၂၀၂၅ ရက်(တနင်္လာနေ့) နံနက် ၁၀:၅၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၂၅ ရက်တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၁-၂၀၂၅ ရက်(တနင်္ဂနွေနေ့) နံနက်တွင် တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် အမက တောကင်း၌ လ/ထမူလတန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဦးဝေဠုကျော် ၉/သစန(နိုင်)၁၅၇၀၀၉ ၏ ဖခင်အမည် ဦးသန်းဝင်း(ခ)ဦးလှအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးသန်းဝင်း(ခ)ဦးလှအောင်

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက(သက္ကလ)Grade-5မှ (ဘ)ဦးကျော်လင်းထက်၏သား မောင်ထက်မြက်အောင်၏ အမည်မှန်မှာ မောင်ထက်မြတ်အောင်ဖြစ်ပါကြောင်း။

မောင်ထက်မြတ်အောင်

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးမြလွင်(ခ)တော်ဟုတ်တြပ်(မော်ကျွန်း)
## အသက်(၉၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အေးမြသာယာလမ်း၊ အမှတ်(၁၅)နေ (ဦးဖိုးသစ်-ဒေါ်အေး)တို့၏ စတုတ္ထသား၊(ဒေါ်စောဗို(ခ)ဒေါ်မြင့်မြင့်သန်း)၏ခင်ပွန်း၊ ဦးသက်ဦး-ဒေါ်ခင်ချိုချိုမြင့်၊ ဦးဝင်းဗိုလ်-ဒေါ်ခင်မေဦး၊ ဦးတင်လှိုင်-ဒေါ်ထက်ထက်အေး၊ ဦးတင်မျိုးဇော်-ဒေါ်ခင်စန်းဝင်း၊ ဦးအောင်မျိုးဇော်-ဒေါ်စိုးစိုးမာတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၃ ယောက်တို့၏ အဘိုး ဦးမြလွင်(ခ)တော်ဟုတ်တြပ်သည် ၁၀-၁၁-၂၀၂၅ရက် နံနက် ၆:၁၀နာရီတွင်ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၂၅ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် (၉:၁၅)နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်မြင့်
## ကျွဲပွဲမြို့
## အသက်(၇၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့နေ (ဦးမောင်ရွှေ- ဒေါ်ပူစီ)၊ (ဦးစိုးလင်း)-ဒေါ်ရင်မြတို့၏သားသမက်၊ ဒေါ်ညွန့်ကြည်၏ခင်ပွန်း၊ ဦးအောင်ကျော်စိုး-ဒေါ်သင်းသင်းကြူ၊ဦးအောင်မြင့်ဦး-ဒေါ်သင်းသင်းခိုင်၊ ဦးငြိမ်းကျော်-ဒေါ်သင်းသင်းကြူ(မြန်မာ့အလင်းသတင်းစာတိုက်)၊ ဦးအောင်ဇော်လင်း-ဒေါ်နွယ်လေး၊ ဦးအောင်ကိုကို-ဒေါ်မာလာဝင်း၊ ဦးဖြိုးကိုကိုမင်းတို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၈-၁၁-၂၀၂၅ရက် (စနေနေ့)တွင် ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၂၅ရက်တွင် ကျွဲပွဲအရှေ့သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၄)၊ မြေကွက်အမှတ် (၃၂၅)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်ခင်သန်း (CE- ၀၁၂၅၂၉) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမင်းသူအောင် (၁၂/ဒဂတ (နိုင်) ၀၅၁၄၅၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် အမက ရွာပုလဲကြီး၌ လ/ထမူလတန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်ယမင်းခိုင် ၅/ကနန(နိုင်)၀၈၈၆၀၉ ၏ ဖခင်အမည် ဦးအောင်ဆန်းဝင်း(ခ)ဦးဆန်းဝင်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအောင်ဆန်းဝင်း(ခ)ဦးဆန်းဝင်း

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် အမက ကန်စွယ်၌ ဒုတိယမူလတန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်ယုယုမော် ၉/သစန(နိုင်)၁၃၂၁၄၃ ၏ ဖခင်အမည် ဦးအုံးလွင်(ခ)ဦးအုန်းလွင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအုံးလွင်(ခ)ဦးအုန်းလွင်

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးသစ်လွင်
## အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ သာယာအေး(၁)လမ်း၊ အမှတ် ၁၃၉၂၊ တောင်သူကုန်းရပ်ကွက်နေ (ဦးစောစံကေး)-နော်လားရာတို့၏သားထွေး၊ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၂၆)၊ တော်ဝင်လမ်းသွယ်(၃)၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်နေ နော်မရဲဒါ၊ စောဝင်းစံ၊ စောဝင်းခေတို့၏ မောင်/ညီထွေး ဦးသစ်လွင်သည် ၉-၁၁-၂၀၂၅ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၁၁-၂၀၂၅ရက် မွန်းတည့် ၁၂ နာရီတွင် ရွှေပြည်သာနေအိမ်တွင် ဘုရားဝတ်ပြုဆုတောင်းပြီး ကရင်ခရစ်ယာန်သုသာန်ထိန်ပင်သို့ ပို့ဆောင်ပါမည်။

(ကားများ သာယာရေး(၁)လမ်း၊ မွန်နှစ်ခြင်းခရစ်ယာန် အသင်းတော်ရှေ့မှ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ လေးအိမ်စုကျေးရွာအုပ်စု၊ ကွင်းအမှတ် (OSS-၇၈)၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ်(၅၃)၊ မြေဧရိယာ(၁၆. ၅၂)ကေ အကျယ်အဝန်းရှိသော ဦးကျော်စိုးအမည်ဖြင့် အထွေထွေစက်မှုလက်မှုလုပ်ငန်းမြေအဖြစ် ခွင့်ပြုမိန့်ရရှိထားသော ခြံမြေကွက်နှင့်တကွ ၎င်းခြံမြေကွက်နှင့်သက်ဆိုင်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူဖြစ်သည့် ဦးကျော်စိုး ၁၂/ကတတ(နိုင်)၀၂၁၃၀၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးအောင်လွင်က အပြီးအပြတ်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းများနှင့်အတူ ယခုကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးဗညားဘုန်းနိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၁၃A-2)၊ မှော်ကန်(၂)လမ်း၊ ပဲခူးမြို့။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/76981, Feiling 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းမြေ့မင်းထက် ၉/အမဇ(နိုင်)၀၅၄၆၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## အများသိစေရန် ကြေညာခြင်း

ဦးစိုးမြင့် ၁၂/ဥကတ(နိုင်) ၀၇၃၇၁၉(ကွယ်လွန်)နှင့်ဒေါ်ပြုံး ၁၂/ဥကတ(နိုင်) ၁၇၁၃၈၇တို့၏သမီးဖြစ်သူ မယုယုထွန်း(ဘ)ဦးစိုးမြင့် ၁၂/ဥကတ(နိုင်) ၂၀၁၂၄၂ သည် မိဘများ၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲမှုများ ပြုလုပ်ပြီးနောက် လွန်ခဲ့သော (၄)လခန့်မှစ၍ မိခင်ဖြစ်သူ ကျွန်မဒေါ်ပြုံး၏ နေအိမ်တွင် နေထိုင်ခြင်း မရှိတော့ပါ။ သို့ဖြစ်ပါ၍ မယုယုထွန်းနှင့်ပတ်သက်သော မည်သည့်ကိစ္စ တစ်စုံတစ်ရာကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်-ဒေါ်ပြုံး ၁၂/ဥကတ(နိုင်) ၁၇၁၃၈၇

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1 TLR-6487၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/24067, Wanqiang 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းမြေ့မင်းထက် ၉/အမဇ(နိုင်) ၀၅၄၆၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဝယ/၆၁၆၁၉ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွန်း ၁၀/မလမ(နိုင်)၂၄၇၂၃၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 25W/15448, Dayang 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စမ်းစမ်းအေး ၈/ရစက(နိုင်)၂၁၅၅၈၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ပခုက္ကူ)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဥသျှာမြို့သစ်ရပ်ကွက်(၉)၊ ကွင်း/မြေတိုင်းရပ်ကွက်အမှတ် (၁၁၅၅/လာဂမိုကွင်း)၊ မြေကွက်အမှတ် (N ၇၇)၊ ဦးခင်မော် + ဦးခင်ကျော်အမည်ပေါက်၊ ပဲခူးခရိုင် မြို့မြေမှုအမှတ်- ၅၂၉/V / ၂၀၂၅-၂၀၂၆အရ (၁-၈-၂၀၂၅)မှ (၃၁-၇-၂၀၅၅)အထိ နှစ်(၃၀)ဂရန်မြေအမျိုးအစား၊ ဧရိယာအကျယ်အဝန်း(၀.၁၅၄) ဧကရှိသော ခြံမြေကွက်နှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အရောင်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သောငွေအား အရပ်ကတိစာချုပ်ဖြင့် ပေးချေပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါခြံမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်သတ္တ(၁)ပတ်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အဆိုပါခြံမြေကွက် အရောင်းအဝယ်အားဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်း၊ ဂရန်အမည်ပြောင်း လျှောက်ထားခြင်းကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြတ်မာလာဦး(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၄၈)
အမှတ်(၉၅)၊ အုန်းပင်တန်းလမ်းမကြီး၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့။
ဖုန်း-၀၉-၄၂၈၁၇၃၈၅၅

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ မြေကွက်ကြီး အမှတ်(၈/၂)၊ အိမ်ရာကွက်ငယ် အမှတ်(၈၄၄/F)၊ ဧရိယာ (၄၀x၆၀) ပေရှိ ဦးတင်အောင် ၁၂/လကန(နိုင်)၁၀၃၈၃၁ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရှုပ်အရှင်းကင်းစွာ လက်ရှိထားပိုင်ဆိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်လွင် ၁၃/မတန(နိုင်)၀၀၁၀၀၄ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်စန်းစန်းမော် ၁၂/လကန(နိုင်)၂၁၅၅၅၉နှင့် ဒေါ်မြတ်နိုးလှိုင်တို့မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်းစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယုယုလွင်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၄၅)
မေဃဝတီ(၁)လမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့
ဖုန်း-၀၉- ၇၉၇၆၅၄၂၅၀

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 76W/75141, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော် ၁၄/မအန(နိုင်)၂၀၈၄၇၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟင်္သာတ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/7613, Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းခေါင်ကြိုင် ၈/ပခက(နိုင်)၃၆၄၅၆၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ပခုက္ကူ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20U/7813, Yinniang 250 (250CC) T/W ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ဝင်း ၈/ပမန(နိုင်)၁၀၄၂၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ပခုက္ကူ)

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City အိမ်ရာ၊ တိုက်အမှတ်(B-2)၊ (၇+၈)လွှာ၊ အခန်းအမှတ်(၇၀၉)၊ အခန်းအမျိုးအစား Type(E2)၊ အကျယ်အဝန်း (၁၇၇၅)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သည့် ဒေါ်နွေးနွေး ၁၃/ခရဟ(နိုင်) ၀၀၀၀၃၀ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြညွန့် B.A(Law), LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၀)
အမှတ်-၁၇/၂၁၊ မြေညီ၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း -၀၉-၄၄၃၀၆၀၂၁၆

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ မြေဧရိယာ (၀.၀၅၅ဧကေ)ရှိ မြေကွက်အမှတ် (ပ-၃၂၂၅၈)ကို အမည်ပေါက် ဒေါ်အေးခိုင်စန်း(ဘ)ဦးမောင်အေး ၉/မတရ(နိုင်)၁၁၁၆၂၇ မှ ဒေါ်ခင်သီတာ(ဘ)ဦးဘိုရှင် ၁၀/မဒန(နိုင်)၀၁၅၃၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူ မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## သွေးသည် အသက်

❖ **ကျွန်တော်တို့နိုင်ငံရဲ့ အန္တိမမျှော်မှန်းထားတဲ့ ရည်မှန်းချက်ကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ "ပြည်ထောင်စုနိုင်ငံ" ထူထောင်နိုင်ဖို့ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူကရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုတာက လုပ်ပိုင်ခွင့်အာဏာနဲ့ ရပိုင်ခွင့်တွေကို မျှဝေခံစားခြင်းဖြစ်ပါတယ်။ ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၂၅ ရက်နေ့တွင်ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**



## ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဓာတုဆက်စပ်ပစ္စည်းများအား ဒေသတွင်း မီးရှို့ဖျက်ဆီးခြင်းနှင့် မြေမြှုပ်ဖျက်ဆီးခြင်းတို့ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၀

နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံးကို လူညွန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သည့် ဓာတုဆေးဝါးများ တိုက်ဖျက်ရေးကို ဌာနဆိုင်ရာများ၊ လုံခြုံရေးအဖွဲ့အစည်းအသီးသီးတို့၏ စုပေါင်းအားဖြင့် စစ်ဆင်ရေးတစ်ရပ်သဖွယ် အစဉ်အဆက် တိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး ဖော်ထုတ်ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကိုလည်း နိုင်ငံတော်အဆင့် အခမ်းအနားများ၊ ဒေသတွင်းအဆင့် အခမ်းအနားများဖြင့် ဖျက်ဆီးလျက်ရှိသည်။

*စာမျက်နှာ ၂၁ ကော်လံ ၁* ❖

## ဒီမိုကရက်တစ်အင်အားစု လေဘာပါတီနှင့် မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၀

ဒီမိုကရက်တစ်အင်အားစု လေဘာပါတီနှင့် မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တို့တွင် ဖော်ပြပါရှိပါသည်။

မြန်မာ့အလင်း

## ပထမနှစ် နေ့သင်တန်း ဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်နေ့သင်တန်းဝင်ခွင့်ရသူများစာရင်းကို (၁၃-၁၁-၂၀၂၅) ရက်တွင် သက်ဆိုင်ရာ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website http://www.dhe.gov.mm တို့တွင်လည်း ကြေညာထားမည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန

ယနေ့ သတင်းအညွှန်း

ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ ပြည်တွင်းသတင်း စာ ၉

"လှပသာယာပြည်မြန်မာ"ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန် ပြည်တွင်းသတင်း စာ ၁၃

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းသို့ တိုင်ဖွန်းမုန်တိုင်း ဖန်ဝမ် ဝင်ရောက်တိုက်ခတ် လူပေါင်း တစ်သန်းကျော် ဘေးလွတ်ရာ ရွှေ့ပြောင်း နိုင်ငံတကာသတင်း စာ ၁၉

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ဂီတအနုပညာရှင်များ ပူးပေါင်းပါဝင်

နေပြည်တော် နိုဝင်ဘာ ၁၀

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် စတင် ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဂီတအနုပညာရှင်များက အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲနှင့်သာ ဖော်ဆောင်နိုင်မည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံးက ရွေးကောက်ပွဲကြီးတွင် ပါဝင်မဲပေးပြီး ဒီမိုကရေစီနိုင်ငံတော်ကို အတူတကွဖော်ဆောင်ကြရန်

*စာမျက်နှာ ၂၁ ကော်လံ ၁* ○



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ဂီတအနုပညာရှင်များ ပါဝင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။